# The Strategy First Times

Vol.1., Issue 15

May 23, 2016 | ၁၃၇၈ ခု၊ ကဆုန်လပြည့်ကျော် (၂) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition





**Stamford International University (Thailand) နဲ့ STRATEGY FIRST INSTITUTE တို့ သဘောတူလက်မှတ်ရေးထိုး** စာ -၂ သို့

စာ - ၁၃ သို့

## Embrace the Near Win



စာ - ၈ သို့

## ဒါတွေမရှိဘဲနဲ့ မအောင်မြင်နိုင်ပါဘူး



MOVIE REVIEW စာ -၆ သို့

## THE JONESES

ဒီတစ်ပတ် SFT ရဲ့ Movie Review ကဏ္ဍမှာတော့ အရင်စာစောင်တွေတုန်းကနဲ့မတူဘဲ ဇာတ်ကားဟောင်းလေးတစ်ခုအကြောင်းကို တင်ဆက်ပေးချင်ပါတယ်။ ဇာတ်ကားနာမည်ကတော့ The Joneses ဖြစ်ပြီးတော့ ၂၀၀၉ ခုနှစ်မှာ ထွက်ခဲ့တာဖြစ်တာကြောင့် တော်တော်ကြာနေပြီလို့တော့ဆိုလို့ရပါတယ်။ ဒါရိုက်တာဖြစ်တဲ့ Derrick Borte ကပဲ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသားခဲ့တာပါ။ ဇာတ်လမ်းအကျဉ်းကဒီလိုလာပါတယ်။ Joneses မိသားစု - Kate၊ Steve၊ Mick နဲ့ Jenn Jones တို့ဟာ ပတ်ဝန်းကျင်အသစ်ကို အလုပ်အပြောင်းအလဲကြောင့် ပြောင်းရွှေ့လာရတဲ့ ပျော်ရွှင်စရာကောင်းတဲ့မိသားစုတစ်ခု ဖြစ်ပါတယ်။




စာ - ၁၀ သို့

## မြန်မြန်အိပ်ပျော်စေမယ့် ထူးထူးဆန်းဆန်း နည်းလမ်း (၄) ခု



အိပ်စက်ခြင်းက လူတစ်ယောက်အတွက် အရေးပါတယ်ဆိုတာ အကုန်လုံးသိကြပါတယ်။ နေ့တော်တော်များများမှာကျွန်တော်တို့ဟာအလုပ်သွားတဲ့အချိန်၊ Gym သွားတဲ့အချိန်၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ တွေ့ဆုံတဲ့အချိန်တွေကြားမှာ လုံးလည်ချာလည်လိုက်နေရပြီးတော့ ဒီလိုလှုပ်ရှားသွားလာမှုအတွက် ခွန်အားပေးတဲ့ အိပ်စက်ခြင်းကိုတော့ မေ့လျော့ထားတတ်ကြပါတယ်။အိပ်ချိန်မလုံလောက်တဲ့အခါမှာ ဆိုးကျိုးတွေအများကြီးရှိပါတယ်။

# Stamford International University (Thailand) နဲ့ STRATEGY FIRST INSTITUTE တို့ သဘောတူလက်မှတ်ရေးထိုး

**SFJ Team**








မေလ (၁၂) ရက်နေ့ နံနက်မှာ ကျင်းပခဲ့တဲ့ MOU လက်မှတ်ရေးထိုးပွဲ အခမ်းအနားမှာ Stamford International University မှ CEO Mr. Grills နဲ့ STRATEGY FIRST INSTITUTE ရဲ့Founder/MD ဆရာဦးအောင်ချစ်ခင်တို့ဟာ နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာကိုဖိတ်ကြားထားတဲ့ ဆရာကြီး၊ ဆရာမကြီးများ ၊ ဧည့်သည်တော်များ ရှေ့မှောက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

Stamford International University ဟာအမေရိကန်နိုင်ငံမှကမ္ဘာ့အကြီးဆုံးပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီးဖြစ်တဲ့ Laureate International Universities ရဲ့အဖွဲ့ဝင်တက္ကသိုလ်တစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံအခြေစိုက်တက္ကသိုလ်တစ်ခုဖြစ်ကာ နိုင်ငံတကာမှ အတွေ့အကြုံရှိ ဆရာကြီး၊ ဆရာမကြီးများမှ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ Laureate International Universities အဖွဲ့ဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ တက္ကသိုလ် ၈၀ အထိဖွင့်လှစ်ထားပြီး နိုင်ငံတကာကျောင်းသားပေါင်း တစ်သန်းဝန်းကျင် တက်ရောက်ပညာသင်ကြားနေကြပါတယ်။

STRATEGY FIRST INSTITUTE နဲ့အတူ မိတ်ဖက်ပြုလုပ်ဖွင့်လှစ်တဲ့ Signature MBA Program မှာလည်း Stamford International University မှာ သင်ကြားပို့ချပေးလျက်ရှိတဲ့ နိုင်ငံတကာမှအတွေ့အကြုံရှိဆရာ၊ ဆရာမများမှ လာရောက်သင်ကြားပေးမှာဖြစ်ပါတယ်။

အခမ်းအနားမှာ STRATEGY FIRST မှ Founder/MD ဦးအောင်ချစ်ခင်မှ ပညာသင်ဆုများနဲ့ပတ်သက်ပြီး STRATEGY FIRST မှာ တက်ရောက်နိုင်တဲ့MBA program များအတွက် ဒေါ်လာတစ်သောင်းပညာသင်ဆုတစ်ဆုချီးမြှင့်သွားမှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဦးအောင်ချင်ခင်က " ကျွန်တော်တို့ကျောင်းသားတွေက MBA သင်တန်းတွေတက်ချင်လို့ ကျွန်တော်တို့ကိုပြောဆိုထားတာ (၃) နှစ်လောက်ရှိလာပြီ။ ကျွန်တော်တို့အနေနဲ့လည်းနိုင်ငံတကာ MBA ကိုဖွင့်နိုင်ဖို့ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ အကြိမ်ကြိမ်ချိတ်ဆက်ပြောဆိုခဲ့ပါတယ်။ ဒီအထဲမှာ Stamford တက္ကသိုလ်က ပရိုဂရမ်တွေက ကောင်းမွန်တာတွေ့ရသလို နိုင်ငံတကာတက္ကသိုလ်တွေကြားမှာလည်း အတော်လေး အသိမှတ်ပြု ခံထားရတာကြောင့် သူနဲ့လက်တွဲခဲ့တာပါ" လို့ပြောပါတယ်။

Stamford International University ရဲ့CEO Mr. Grills ကလည်း " မြန်မာနိုင်ငံဟာ အလားအလာရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့တက္ကသိုလ်အနေနဲ့လည်း နိုင်ငံတကာပရိုဂရမ်တွေကို နိုင်ငံတကာက ကျောင်းသားတွေကို ပို့ချပေးနေပါတယ်၊ ဒီပရိုဂရမ်ကောင်းတွေကိုလည်း အခြားသူတွေကို မျှဝေပေးဖို့ကိုလည်း ရည်ရွယ်ချက်ရှိပြီးဖြစ်ပါတယ်၊ အခု STRATEGY FIRST INSTITUTE ကလည်း သူတို့နဲ့ပူးပေါင်းဖို့ ဖိတ်ခေါ်ခဲ့တဲ့အတွက်လည်း အများကြီးဝမ်းသာပါတယ်" လို့ပြောဆိုပါတယ်။

MBA program တက်ရောက်ဖို့အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရမည်ဖြစ်ပြီး လုပ်သက်အနည်းဆုံး (၃) နှစ်ရှိကာ၊ အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS result 6.0 ရရှိထားရမှာဖြစ်ပါတယ်။

ဝင်ခွင့်စာမေးပွဲဖြေဆိုဖို့လည်း လိုအပ်ပြီး သင်တန်းချိန်များမှာ ရုံးချိန်လွတ် တစ်ပတ်ခြားစီ သောကြာ၊ စနေညနေများနှင့်တနင်္ဂနွေနေ့မနက် (၉) နာရီမှ (၂) နာရီထိတက်ရောက်ရမှာ ဖြစ်ပါတယ်။

The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Ko Ko

**Senior Reporter/ Assistant Editor**
Naing Naing Zaw

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# STRATEGY FIRST INSTITUTE နဲ့ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းတို့ပူးပေါင်းစီစဉ်ခဲ့တဲ့ Effective Supervisory Skills in Retail Services အပတ်စဉ် (၁) သင်တန်းဆင်းပွဲ

SFJ Team



ဖွံ့ဖြိုးတိုးတက်လာတဲ့ လက်လီကဏ္ဍအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန်ရည်ရွယ်ပြီး **STRATEGY FIRST INSTITUTE** နဲ့ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းတို့ ပူးပေါင်းကာ လက်လီကဏ္ဍအတွက် လိုအပ်တဲ့ စီမံခန့်ခွဲမှု သင်တန်းများ၊ အရောင်းပိုင်းဆိုင်ရာ သင်တန်းများ၊ ဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်သည့် ပထမဆုံးခြေလှမ်းအနေနဲ့ ဖေဖော်ဝါရီ ၁၇ ရက်မှာ Effective Supervisory Skills in Retail Services အပတ်စဉ် (၁) သင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၃၀ ရက်မှာ သင်တန်းပြီးဆုံးခဲ့ပါတယ်။

လက်လီလုပ်ငန်းများမှ မန်နေဂျာများ၊ Supervisor များ၊ လက်လီလုပ်ငန်းစီမံခန့်ခွဲမှုပိုင်းသို့ Professional ပြောင်းလဲလုပ်ကိုင်လိုသူများအတွက် လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချသွားနိုင်မယ့်စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားပေးခဲ့ပြီး သင်တန်းသား ၄၇ ယောက် တက်ရောက်ခဲ့ပါတယ်။

သင်တန်းကာလ (၂) လခွဲကြာမြင့်ခဲ့ပြီး သင်တန်းမှာ Customer – focused Selling Principles, Customer Service Principles, Understanding Retail Business, Retail Management Concepts, Category Management, Personal Grooming and Etiquette, Basic Project Management, Implementing Change, Introduction to Financial Management စသည့် သင်တန်းများ ကို သင်ကြားပို့ချပေးခဲ့ပါတယ်။

အဆိုပါသင်တန်းမှာ တက်ရောက်သင်ကြားခဲ့ပြီး ထူးချွန်သော သင်တန်းသူ၊ သင်တန်းသား (၃) ဦးကို **STRATEGY FIRST INSTITUTE** မှ ဖွင့်လှစ်ထားသောသင်တန်းများတက်ရောက်ရန်အတွက် သင်တန်းကြေး (၁) သိန်း ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။

Effective Supervisory Skills in Retail Services အပတ်စဉ်(၂) သင်တန်းကိုလာမယ့် ဇွန်လအတွင်းထပ်မံဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လက်လီရောင်းချမှု လုပ်ငန်းများအတွက် Customer Service ပိုင်းဆိုင်ရာများ၊ အရောင်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများ၊ ကြီးကြပ်သူများ တက်ရောက်သင့်သော Level များ၊ မန်နေဂျာများတက်ရောက်သင့်သော Level များ၊ ကိုယ်ပိုင်လက်လီလုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းရှင်များအတွက် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကိုလည်း အလှည့်ကျဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ နောက်ထပ် **STRATEGY FIRST INSTITUTE** မှာ ဖွင့်လှစ်လျက်ရှိတဲ့ Institute of Commercial Management (ICM, UK) Diploma မှ Retail Management Single Subject Diploma များကိုပါဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ သင်တန်းကျောင်းရဲ့မူဝါဒအရဆေးလိပ်၊ အရက်၊ ဘီယာနဲ့ အချို့ MLM ကုမ္ပဏီများနဲ့ ၄င်းတို့ရဲ့ ဝန်ထမ်းများကို ဝန်ဆောင်မှု ပေးမှာမဟုတ်ပါ။


The STRATEGY FIRST Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/8 page H (9 in x 2 in) | - | 50,000 ks |
| 1/8 page V (4.3 in x 3.5 in) | 25,000 ks | - |
| 1/4 page H (9 in x 3.5 in) | 50,000 ks | 90,000 ks |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | 90,000 ks |
| Half-page (9 in x 7 in) | 100,000 ks | 160,000 ks |
| Full-page (9 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟောသဆဲ (Student Services Manager) 09 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။

လစဉ်ထုတ် SFJ ကို ကြိုတင်မှာထားပြီး ကျောင်းမှာ ယူမယ်ဆိုရင် ၁၅၀၀ ကျပ်

ကျောင်းမှာ ရောင်းဈေး ၂၂၀၀ ကျပ်

ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ရန်ကုန် အိမ်အရောက် ၂၅၀၀ ကျပ်

Hot-line: 09250717166 ~ 68




လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# MBA ဘာကြောင့်တက်သင့်သလဲ



**ဒေါ်ငွေးငွေးမြင့်**
**Senior Lecturer**

MBA က ဒီနေ့ခေတ်လိုအပ်ချက်နဲ့ အင်မတန်ကိုက်ညီတဲ့ဘွဲ့တစ်ခုပါ။ အချိန်တိုအတွင်း မန်နေဂျာတစ်ယောက်မှာ ရှိရမယ့် Business နဲ့ ပတ်သက်တဲ့ အမြင်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကို ကျွမ်းကျင်မှုရှိအောင် သင်ပေးနိုင်ပါတယ်။ သူက လက်တွေ့တွေ ဘာတွေလည်း ဆင်းနိုင်းတယ်။ လုပ်ငန်းအတွေ့အကြုံရယ်၊ လက်တွေ့ရယ် သီအိုရီတွေ ဆက်စပ်ပြီး သင်ယူနိုင်တဲ့အတွက်ကြောင့် ခေတ်ရဲ့ လိုအပ်ချက်နဲ့ အတော်လေး ကိုက်ညီပါတယ်။စီးပွားရေးဘာသာရပ်မှာM.com နဲ့MBA ဆိုပြီး ကွဲပြားတယ်ပေါ့။ M.com ဆိုရင် B.com အောင်ပြီးမှပဲ တတ်ခွင့်ရတာ။ MBA ကျတော့ ဘယ်လိုဘွဲ့ရမဆို တက်ခွင့်ရတာပါ။ အခြားဘာသာရပ်တွေက ကျောင်းသားတွေ၊ အပြင်လုပ်ငန်းခွင်ကသူတွေအားလုံး တက်ရောက်လို့ရတာပါ။ လက်တွေ့လုပ်ငန်းခွင်အရ စီမံခန့်ခွဲရေးအပိုင်း တာဝန်ယူတဲ့သူတွေအတွက် အမှန်တကယ်ကောင်းတဲ့အခွင့်အရေးပါ။

အခြားဘာသာရပ်ကနေ လာတဲ့သူတွေ စီးပွားရေးဘာသာရပ်နဲ့ အကျွမ်းတဝင်သိပ်မဖြစ်တဲ့ လူတွေကျတော့ အစပိုင်းမှာ အသုံးအနှုန်းတွေကတော့ နည်းနည်းအားစိုက်သင်ယူဖို့လိုပါတယ်။ဒါပေမဲ့ ပုံစံမျိုးစုံရှိတဲ့ အခြားဘွဲ့ရတွေက လာတဲ့သူတွေ၊ တကယ်လုပ်ငန်းခွင်ကလာတဲ့သူတွေ၊သဘာရှိပြီးတဲ့သူတွေဆိုတော့ သင်လိုက်တာနဲ့မြင်လွယ်၊တတ်လွယ်တဲ့ အခြေအနေရှိတယ်။တကယ်တော့စီးပွားရေးဘာသာရပ်က လက်တွေ့နယ်ပယ်ကအရာတွေကို ထုတ်နုတ်၊ ဆင်ခြင်ယူထားတဲ့ အရာတွေအများကြီးပါတယ်၊ သင်ယူတဲ့လုပ်ငန်းရှင်တွေကလည်းလက်တွေ့လုပ်ငန်းခွင် အလေ့အကျင့်ကောင်းတွေရှိပြီးသားဆိုတော့ အချိန်တိုတိုနဲ့ပဲ သိနားလွယ်သွားမှာပါ။ သီအိုရီက ဒီလိုပါလား၊လက်တွေ့ဒီလိုပါလား ဆိုတာကို ရှင်းရှင်းလင်းလင်းနားလည်နိုင်မှာပါ။



**မင်းဟန်ဦး**
**( Business Management & Administration )**

မြန်မာနိုင်ငံမှာ စီမံခန့်ခွဲမှုအပိုင်းကို ရောက်လာတဲ့သူတွေအများစုကစီမံခန့်ခွဲမှု စာတွေဖတ်တယ်၊ ကိုယ့်ရှေ့က စီနီယာတွေကိုလေ့လာပြီး လုပ်ငန်းခွင်မှာ ပြန်အသုံးချတာများတယ်။ အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလည်း ဝင်လာပြီဆိုတော့ စီမံခန့်ခွဲသူတွေမှာ ပိုပြီး အခွင့်အလမ်းတွေ၊စိန်ခေါ်မှုတွေလည်းများလာပါပြီ။ပုံမှန်ဒီကပေးတဲ့ဘွဲ့လေးတစ်ခုရယ်၊ လုပ်ငန်းအတွေ့အကြုံလေးရယ်နဲ့တော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး။နိုင်ငံတကာကပေးတဲ့စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းတွေ၊ MBAတွေကိုတက်ထားဖို့လိုတယ်။အခု စီးပွားအသိုင်းအဝိုင်းထဲက စီမံမန်နေဂျာတွေ MBA မရထားရင်ရပ်တည်ဖို့မလွယ်ဘူး။ အခုမြန်မာနိုင်ငံမှာ သင်လို့ရပြီ၊ ဒီအခွင့်အရေးကို အသုံးချသင့်ပြီ။



**ကောင်းမြတ်နိုင်**
**( Financial Management )**

MBA တက်ဖို့က ခိုင်လုံတဲ့ အကြောင်းတွေ အများကြီးရှိပါတယ်။ အသိပညာတွေ၊ ကျွမ်းကျင်မှုတွေ တိုးတက်လာနိုင်ပါတယ်။ အဲလိုတိုးတက်မယ်ဆိုရင် ကိုယ်ရဲ့တိုးတက်ရေးလမ်းကြောင်းမှာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေ အများကြီးပေါ်လာမယ်။ အခွင့်အလမ်းတွေ အသုံးမချနိုင်သေးရင်တော့လက်ရှိကိုယ်လုပ်တဲ့အလုပ်မှာ အတွေ့အကြုံတွေကို အသုံးချနိုင်မှာပါ။ ဒီထက်ကောင်းတဲ့အဆင့်တွေကိုလည်း တက်လှမ်းနိုင်ပါမယ်။ အဲအတွက် မြင့်မားတဲ့ ခံစားခွင့်တွေလည်း ရှိလာမှာပါ။ အဲကနေ ပိုကောင်းတဲ့ လူနေမှုဘဝတွေကို ရရှိနိုင်တာကြောင့် MBA က ကျွန်တော်တို့ဘဝတွေအတွက် အမှန်တကယ်တက်သင့်တဲ့ ဘွဲ့ပါပဲ။



**ကောင်းထက်ဟိန်း**
**( Business Management & Administration )**

MBA က အခုကျွန်တော်တို့နိုင်ငံမှာ အရမ်းလူသိများလာတဲ့ ဘွဲ့ပါ။ ထင် သလောက်တော့ လွယ်မှာမဟုတ်ဘူး၊ လုပ်ငန်းခွင်အတွေ့အကြုံ ရှိပြီးသားလူတွေနဲ့ စီးပွားရေးဆိုင်ရာ နက်နဲတဲ့အရာတွေကို ပိုပြီး သင်ယူချင်တယ်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ လိုချင်တယ်ဆိုရင်တော့ MBA ကို တက်သင့်တယ်။ လုပ်ငန်းအတွေ့အကြုံမရှိသေးဘဲစာကြီးပဲ လုပ်နေရတာထက် အလုပ်ကော အတွေ့အကြုံကော၊ စာကော ပေါင်းစပ်လုပ်နိုင်မယ်ဆိုရင် MBA က တက်သင့်ပါတယ်။ ကျွန်တော်လည်း စိတ်ဝင်စားပေမယ့် အင်္ဂလိပ်စာနဲ့ အခြားအတွေ့အကြုံတွေ လိုသေးတာကြောင့်ဒါတွေဖြည့်ပြီးသွားရင် MBA လေ့လာဖို့ ရည်မှန်းထားပါတယ်။



**ကျော်စွာဝင်း**
**( International Business Communication)**

MBA တက်ထားမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရနိုင်တယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်မယ်ဆိုရင်လည်း အများကြီး အထောက်အကူပြုမှာပါ။ ဒီကနောက်ခံပေးထားတဲ့ MBA တွေကနိုင်ငံတကာအဆင့်ရှိတဲ့တက္ကသိုလ်တွေကဆိုတော့ သင်ယူသူတွေအတွက် အများကြီး ကောင်းပါတယ်။ တကယ်လို့ ဒီဘွဲ့ကိုတက်မယ်ဆိုရင် Management တို့ Finance တို့ကို ကြိုပြီးတက်ထားမယ်ဆိုရင် ပိုပြီးကောင်းပါတယ်။ နောက်တစ်ခုကအလုပ်အတွေ့အကြုံရှိတဲ့သူတွေကျတော့ စာတွေ့သီအိုရီတွေကို သူတို့လက်တွေ့နဲ့ပေါင်းစပ်နိုင်ရင်တော့အတော်လေး ထိရောက်မှုရှိသွားမှာပါ။



**ခင်ကေသွယ်**
**( IBC, Marketing Management)**

MBA ကတော့ လူတိုင်းရာထားသင့်တဲ့ဘွဲ့တစ်ခုပါ။ သူက အခြားစီးပွားရေးဘာသာရပ်တွေ အားလုံးနဲ့လည်း ချိတ်ဆက်နေတာဆိုတော့ ကိုယ်ပိုင်လုပ်ငန်းပဲလုပ်လုပ်၊ ဝန်ထမ်းပဲလုပ်လုပ် အမှန်တကယ် ထိရောက်မှု ရှိပါတယ်။ ကျွန်မလည်း MBA ကိုတက်ဖို့ စိတ်ဝင်စားပေမယ့် တကယ်တမ်းတက်မယ်ဆိုရင် အချိန်နဲ့ ငွေတော့ရင်းရမှာပေါ့။ အခုလည်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်း လာနေပြီဆိုတော့ နောက်ပိုင်းမှာ အခွင့်အလမ်းတွေ အများကြီး ပေါ်လာနိုင်တာမို့ ကိုယ့်ရဲ့အလုပ်အကိုင်အခွင့်အလမ်းပဲကြည့်ကြည့် လုပ်ငန်းတိုးတက်ဖို့ပဲကြည့်ကြည့် တက်ထားသင့်ပါတယ်။



**နန်းမြတ်မွန်ဟန်**
**(Advertising, IBC )**

ဒီ MBA ကို စီးပွားရေးနယ်မှာရှိတဲ့ သူတိုင်းတတ်ထားသင့်တဲ့ဘွဲ့ပါ။ MBAက စာပိုင်းကော၊ အတွေ့အကြုံကောရ တော့ အကျိုးရှိတာပေါ့။ ဒါ့အပြင် ရာထူးတက်တာတွေမှာလည်းအများကြီးအခွင့်အလမ်းရှိတယ်။ ကိုယ်ပိုင်စီးပွားရေးလုပ်မယ်ဆိုရင်လည်း စာတွေက နားလည်ပြီးသား၊ အတွေ့အကြုံလည်းရပြီးသားဆိုတော့ အဆင်ပြေတယ်။ တချို့တွေက အလုပ်ပဲလုပ်ပြီး MBA ကို မတတ်သင့်ဘူးလို့ ထင်တယ်၊ အလုပ်လုပ်တာလည်း မှန်တယ်၊ ပညာရပ်ပိုင်းကိုလည်း လေ့လာဖို့ လိုပါတယ်။ သိထားတဲ့အရာကိုပဲ ကျွမ်းမှာလေ၊ MBA ကျတော့ အခြားဟာတွေပါ နားလည်သွားမှာဆိုတော့ ဒါကတတ်ထားသင့်တဲ့ဘာသာရပ်ပါ။

in partnership with

# STRATEGY FIRST INSTITUTE




STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ MBA program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- 1st Batch (2nd Intake) သင်တန်းများကို ဇူလိုင်လတွင် စတင်ပါမည်။
- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။ Installment plan လျှောက်ထားရန် နောက်ဆုံးရက်- 30 Jun 2016

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp.

**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# THE JONESES



SFJ Team

ဒီတစ်ပတ် SFT ရဲ့ Movie Review ကဏ္ဍမှာတော့ အရင်စာစောင်တွေတုန်းကနဲ့မတူဘဲ ဇာတ်ကားဟောင်းလေးတစ်ခုအကြောင်းကို တင်ဆက်ပေးချင်ပါတယ်။ ဇာတ်ကားနာမည်ကတော့ The Joneses ဖြစ်ပြီးတော့ ၂၀၀၉ ခုနှစ် မှာထွက်ခဲ့တာဖြစ်တာကြောင့် တော်တော်ကြာနေပြီလို့တော့ဆိုလို့ရပါတယ်။ ဒါရိုက်တာဖြစ်တဲ့ Derrick Borte ကပဲ ဇာတ်လမ်း၊ ဇာတ်ညွှန်း ရေးသားခဲ့တာပါ။ ဇာတ်လမ်းအကျဉ်းက ဒီလိုလာပါတယ်။

Joneses မိသားစု - Kate၊Steve၊Mick နဲ့ Jenn Jones တို့ဟာပတ်ဝန်းကျင်အသစ်ကို အလုပ်အပြောင်းအလဲကြောင့် ပြောင်းရွှေ့လာရတဲ့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုတစ်ခုဖြစ်ပါတယ်။ သူတို့ပြောင်းရွှေ့သွားတဲ့နေရာက အိမ်နီးချင်းတွေအမြင်မှာတော့ သူတို့ဟာအရမ်းကိုချစ်ခင်ကြပြီး အောင်မြင်တဲ့ အားကျစရာ မိသားစုတစ်ခုပေါ့။



တကယ်တော့အဲဒီလိုမဟုတ်ပါဘူး။ Kate ဟာ လျှို့ဝှက်မားကတ်တင်းသမားတွေ အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်ပြီးတော့ သူတို့ရဲ့နေ့စဉ်သွားလာလှုပ်ရှားမှုတွေ အကုန်လုံးမှာ Product Placement တွေကို စနစ်တကျ ထည့်သွင်းပြုလုပ်နေတာဖြစ်ပါတယ်။ သူတို့တွေဟာတကယ့် မိသားစုတောင်မဟုတ်ပါဘူး။ သူတို့ဟန်ဆောင်မိသားစုရဲ့အဝတ်အစားတွေ၊ အသုံးအဆောင်၊ အိမ်ထောင်ပရိဘောဂအပြင် စားသောက်တဲ့ အစားအသောက်တွေကပါ ကုမ္ပဏီတွေက ကြော်ငြာပေးဖို့၊ပိုပြီးလူသုံးများအောင်လုပ်ပေးဖို့ အသုံးပြုနေတာဖြစ်ပါတယ်။ Kate က ဒီလုပ်ငန်းမှာအတွေ့အကြုံရှိတဲ့လူဖြစ်ပေမယ့် Steve ကတော့ လူသစ်တစ်ယောက်ဖြစ်ပါတယ်။

ဟန်ဆောင်မိသားစု တစ်ဖြစ်လဲ သူတို့မိသားစုဟာ ပတ်ဝန်းကျင်အသစ်က၊ အိမ်နီးချင်းတွေမှာ ချက်ချင်းဆိုသလို ရင်းနှီးကျွမ်းဝင်သွားကြတဲ့နောက်မှာ သူတို့အသုံးပြုနေတဲ့ ပစ္စည်းတွေကို သုံးစွဲဖို့ အိမ်နီးချင်းတွေကို ဆွဲဆောင်ပါတော့တယ်။

တဖြည်းဖြည်းနဲ့ အနီးအနားမှာရှိတဲ့ စတိုးဆိုင်တွေဟာ Joneses မိသားစုက သုံးတဲ့အသုံးအဆောင်ပစ္စည်းတွေကို ဆိုင်တွေမှာ လိုက်တင်လာကြပါတော့တယ်။ ဒါပေမဲ့ သူတို့သတ်မှတ်ထားသလောက် သူတို့ရဲ့ဆွဲဆောင်မှုတွေက ထိရောက်မှုမရှိတာ၊ ရောင်းအားတွေက ခန့်မှန်းထားသလောက်မရှိလာတဲ့အခါမှာ ဘယ်လိုဆက်လုပ်ကြသလဲဆိုတာနဲ့ သူတို့တွေကြားထဲက မထင်မှတ်ထားတဲ့ ဇာတ်လမ်းလေးတွေဖြစ်ပေါ်လာပုံတွေကိုစိတ်ဝင်စားစွာမြင်တွေ့ရမှာဖြစ်ပါတယ်။

The Joneses မှာ Kate Jones အဖြစ် Demi Moore၊ Steve အဖြစ် David Duchovny၊ Jenn Jones Amber Heard နဲ့ Ben Hollingsworth က Mick Jones အဖြစ် သရုပ်ဆောင်ဆောင်ထားပါတယ်။ The Joneses ကို Movie Review ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ Imdb က 6.5 ပေးထားပြီးတော့ Rotten Tomatoes က 62 ရာခိုင်နှုန်းပေးထားတာမို့လူကြိုက်များတဲ့ဇာတ်ကားတစ်ကားလို့ပြောလို့ရပြီး ရုံတင်ခဲ့တုန်းက ဝင်ငွေလည်းကောင်းခဲ့တဲ့ကားတစ်ကားဖြစ်ပါတယ်။

■

YINMAR ONLINE STORE
No.222, MahaBandoola Garden Street, Yangon. Ph - 01-374971

www.amazon.com နှင့်အခြား သင်မှာယူလိုသော website များမှ USA ပစ္စည်းများကို ငှင်းဈေးရင်းအတိုင်း မှာယူနိုင်ပြီး
မြန်မာပြည်အရောက်တန်ဖိုးမှာ = [နောက်ဆုံးကျသင့်ငွေ + ကျသင့်ငွေ၏ 15% + ပစ္စည်းအလေးချိန်တစ်ပေါင် - 8,000 Kyats]
(အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အပိုကြေး ပေးဆောင်ရမည်။)
ပစ္စည်းတန်ဖိုး၏ တစ်ဝက်ကို စရန်အဖြစ် ကြိုတင်ပေးသွင်းရပါမည်။
(အထူးအဖြစ် "Payments" မျိုးစုံကို 10% Charges ဖြင့်ဝန်ဆောင်မှုပေးပါမည်။)
ယင်းမာတေးသံသွင်းသို့ ကိုယ်တိုင်လာပြီး Websites များတွင် ချက်ချင်းမှာယူပေးပါသည်။ မနက် - ၉နာရီမှ ညနေ - ၆နာရီအတွင်းဖွင့်သည်။
E-mail (chitkhinlim@gmail.com) (သို့) Text Messages (09-450066242,09-43202090, 09-422469977) ဖြင့် မှာလိုသောပစ္စည်းစာရင်းကို ပို့လာပါက ကျသင့်ငွေကို အခမဲ့တွက်ချက်ပြီး ပြန်ပို့ပေးပါမည်။

မှာယူနိုင်သော ပစ္စည်းများ - Books, Software, Clothing, Electronics, Music, Toys, Games, Cell Phones, Laptops, Tablets, Computers, Gift Cards, CDs, DVDs, Blu-rays, Musical Instruments, Hand Bags, watches, Electronics Accessories, Automotive Parts & Beauty Items

စုံစမ်းရန် - ယင်းမာတေးသံသွင်းအမှတ် ၂၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် - ၀၁-၃၇၄၉၇၁၊ ဦးချစ်ခင် - ၀၉-၄၅၀၀၆၆၂၄၂၊ ဦးချောကြီး - ၀၉-၄၃၂၀၂၀၉၀

ဤနေရာတွင်လည်း မှာယူနိုင်ပါသည် - Royal Express Services Ltd. HQ : No.114, 1st Flr., 49th St., Pazundaung Township, Yangon.
Ph : 01-298909, 9010528, 9010529, 09-5110376
Email : info@royalx.net, mmo@royalx.net

# တောင်ပေါ်စခန်းသာ (သို့) သံတောင်

SFJ Team

ယခင်တုန်းက နယ်မြေဒေသငြိမ်းချမ်းမှု အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစတဲ့အချက်များကြောင့်ကရင်ပြည်နယ်ရှိ သံတောင်ဒေသသို့ သွားရောက်လည်ပတ်ဖို့ စိတ်ဝင်စားမှုတွေ နည်းခဲ့ကြပါတယ်။ ဒါပေမဲ့ ယနေ့အချိန်အခါမှာတော့ နယ်မြေအေးချမ်းတည်ငြိမ်မှု၊ လမ်းပန်းဆက်သွယ်ရေး အတန်အသင့်ကောင်းမွန်လာမှုတွေကြောင့်သွားရောက်လည်ပတ်တဲ့ခရီးသွားတွေ များပြားလျက်ရှိပြီဖြစ်ပါတယ်။

Ecotourism ခရီးစဉ်များကို ကြိုက်နှစ်သက်တဲ့ ခရီးသွားများအတွက် မသွားဘဲ မနေနိုင်လောက်အောင်သာမောဖွယ်ရှုမျှော်ခင်းများနဲ့ စောင့်ကြိုလျက်ရှိသော ဒေသပဲ ဖြစ်ပါတယ်။ တိမ်ဆိုင်မြူငွေ့များဝေနေသော သဘာဝရဲ့ သာယာလှပမှုများကိုခံစားကြည့်ရှုနိုင်မှာဖြစ်ပြီး သစ်ရိပ်တောရိပ်များနဲ့ အမြဲအုပ်စိုင်းနေကာ စိမ်းစိုသာယာလှပတဲ့နေရာတစ်ခုဖြစ်ကျော်ကြားပါတယ်။

သံတောင်ခရီးစဉ်ကရန်ကုန်ကနေနေ့ချင်းပြန်ခရီးစဉ်အဖြစ် သွားရောက်လည်ပတ်လို့ရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ခရီးစဉ်လမ်းကြောင်းအရရန်ကုန်ကနေတောင်ငူသို့အရင်ဆုံးရောက်ရှိမှာဖြစ်ပြီးတောင်ငူမြတ်စောညီနောင်စေတီကို ဝင်ရောက်ဖူးမျှော်ရမှာ ဖြစ်ပါတယ်။ မြတ်စောညီနောင်စေတီဝင်းအတွင်းရှိနောင်တော်စေတီ၊ ညီတော်စေတီနဲ့ မယ်တော်စေတီတို့ကို ဖူးမြော်နိုင်ပါတယ်။

တောင်ငူကနေ သံတောင်သို့ ဆက်လက်ထွက်ခွာလာမှာဖြစ်ပြီး တောင်ငူကနေ မိုင် ၂၀ ကျော် အကွာမှာ တည်ရှိပါတယ်။ သံတောင်ရှိ အမြင့်ပေ ၄၀၀၀ ကျော် မြင့်မားသော နော်ဘူဘော်တောင်ထိပ်သို့ တက်ရောက်မှာ ဖြစ်ပါတယ်။ နော်ဘူဘော်ဆုတောင်းတောင် အဖြစ် ကျော်ကြားပါတယ်။ ခရီးသည် တင်မော်တော်ယာဉ်ကတောင်ရဲ့၂၅မိုင်အထိသာတက်ရောက်နိုင်မှာဖြစ်ပြီး ၂၅မိုင်ရောက်ရှိရင်ဒေသခံတောင်တက်ကားများကို ပြောင်းစီးကာ တောင်ထိပ်ကို ဆက်လက်တက်ရောက်ရမှာ ဖြစ်ပါတယ်။





တောင်တက်လမ်းတစ်လျှောက်မှာတော့သဘာဝအတိုင်း သာယာလှပနေတဲ့ တောတောင်ရှုခင်းများကိုကြည့်ရှုရင်းစိတ်ကိုကြည်လင်လန်းဆန်းစေမယ့် တောင်ပေါ်လေကို ရှူရှိုက်ရင်း အနားယူအပန်းဖြေနိုင်မှာ ဖြစ်ပါတယ်။

သံတောင်မှာ တောင်ပေါ်အပန်းဖြေမြို့များအဖြစ် ကျော်ကြားတဲ့ ပြင်ဦးလွင်၊ ကလောမြို့များနဲ့ ဆင်တူပါတယ်။ သဘာဝတောတောင်ရေမြေဒေသဖြစ်တဲ့အတွက် ရာသီဥတုမှာ အမြဲလိုအေးမြနေတတ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားတဲ့ ဒေသပဲ ဖြစ်ပါတယ်။

သံတောင်ကနေ အပြန်မှာတော့ သဘာဝအတိုင်းစီးဆင်းနေတဲ့ နာမည်ကျော် ပသီချောင်းမှာ အပန်းဖြေ အနားယူနိုင်ဦးမှာပဲ ဖြစ်ပါတယ်။ ရန်ကုန် - သံတောင်ခရီးစဉ်ကို Tango Tour & Trek ခရီးသွားလုပ်ငန်းက နေ့ချင်းပြန်ခရီးစဉ်အဖြစ် ပြေးဆွဲလျက်ရှိပြီး ခရီးစရိတ် တစ်ဦးကို ကျပ် ၃၅၀၀၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

(ဓာတ်ပုံ - Tango Tour & Trek)

■



# ဒါတွေမရှိဘဲနဲ့ မအောင်မြင်နိုင်ပါဘူး

ဝဏ္ဏ



သင့်လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေပေါ်မှာပဲ အာရုံစိုက်မထားသင့်ပါဘူး။

MPW Insiders ဆိုတာက ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားတဲ့ စီးပွားရေးလောကထဲက ခေါင်းဆောင်တွေ စုဝေးထားတဲ့ အွန်လိုင်းအသိုက်အဝန်းတစ်ခုဖြစ်ပြီးတော့ အလုပ်အကိုင်နဲ့ဦးဆောင်မှုပိုင်းဆိုင်ရာမေးခွန်းတွေကိုအချိန်နဲ့တစ်ပြေးညီ ပြန်လည်ဖြေဆိုပေးနေတဲ့ အဖွဲ့တစ်ခုဖြစ်ပါတယ်။ ဒီတစ်ခါမေးလာတဲ့ မေးခွန်းကတော့ "နောက် ငါးနှစ်အတွင်းမှာ ကိုယ်ရောက်နေချင်တဲ့အလုပ်အကိုင်နေရာတစ်ခုကို ရောက်နေနိုင်ဖို့ ဘာတွေလုပ်ထားဖို့ အရေးကြီးပါသလဲ" ဆိုတဲ့ မေးခွန်းပါပဲ။ ဒီမေးခွန်းရဲ့အဖြေကိုတော့ Ruder Finn လူမှုဆက်ဆံရေးကုမ္ပဏီရဲ့စီအီးအို Kathy Bloomgerden က ရေးသားဖြေဆိုပေးထားတာဖြစ်ပါတယ်။

သင့်ရဲ့လက်ရှိတာဝန်ယူထားတဲ့ အလုပ်အကိုင်နေရာအတွက်ရော သင့်ကုမ္ပဏီအတွက်ပါ သင့်မှာရေရှည်မျှော်မှန်းချက်တစ်ခုဒါမှမဟုတ် ရည်မှန်းချက်တွေထားရှိဖို့ အရေးကြီးလှတယ်ဆိုတာကို ခေါင်းဆောင်ကောင်းတိုင်း သိထားကြပါတယ်။ အဲဒီထဲကတစ်ခုခုမရှိရင်တော့ သင့်အတွက် မျှော်မှန်းထားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်တော့မှ မရောက်နိုင်တာ သေချာပါတယ်။ ဒီနေရာမှာ ကြီးကျယ်ခမ်းနားတဲ့ အိပ်မက်ကို မက်တဲ့အခါမှာ၊ သင့်ရည်မှန်းချက်တွေဆီသွားမယ့် လမ်းပြမြေပုံကို ဆွဲတဲ့အခါမှာ၊ အဲဒီနေရာကို သင်ဘယ်လိုသွားမလဲဆိုတာကို စီစဉ်တဲ့နေရာမှာတော့ တန်ဖိုးကြီးကြီးထားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ သင့်အတွက် အာရုံစူးစိုက်မှုတွေနဲ့ ဆုံးဖြတ်ချက်ချမှတ်မှုတွေ လိုမှာဖြစ်ပေမယ့် ရည်မှန်းချက်ထဲမှာ သင်စိတ်နှစ်ထားမယ်ဆိုရင်တော့ ဘာမဆိုအောင်မြင်နိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သင်သွားချင်တဲ့နေရာကို သွားဖို့ ကြိုးပမ်းတဲ့အခါမှာ အောက်ပါအချက်တွေကတော့ လိုက်လံကျင့်ကြံသင့်တဲ့အချက်တွေပဲဖြစ်ပါတယ်။

## ရေရှည်မျှော်မှန်းချက်တစ်ခု ရှိပါစေ။

ယနေ့ခေတ် ယှဉ်ပြိုင်မှု ပြင်းထန်လွန်းတဲ့၊ အလျင်အမြန် တိုးတက်ပြောင်းလဲနေတဲ့ စီးပွားရေးလောကထဲမှာက ရေရှည်မျှော်မှန်းထားတဲ့ နေရာဆီအရောက်သွားနိုင်မယ့်မြေပုံ၊ အနာဂတ်အတွက် ကြိုတင်မှန်းဆထားတဲ့ မျှော်မှန်းချက်တစ်ခု ဒါတွေရှိထားတဲ့ ကုမ္ပဏီတွေကပဲ ရှင်သန်နိုင်တာကိုတွေ့နိုင်ပါတယ်။ ဈေးကွက်ထဲက ပေါ်ပေါက်လာနိုင်တဲ့ကောက်ကွေ့ကြမ်းတမ်းတဲ့ အချိုးအကွေ့တွေကိုကျွန်တော်တို့ကြိုတင်မမှန်းဆထားဘဲနဲ့လက်ရှိရောက်ရှိနေတဲ့နေရာတစ်ခု၊ အခြေအနေတစ်ခုအပေါ်မှာပဲ အာရုံစိုက်ထားခြင်းက တကယ်တမ်းတော့ အန္တရာယ်များလွန်းလှပါတယ်။ အဲဒီလို အနာဂတ်ဈေးကွက်ရဲ့ အချိုးအကွေ့တွေကို ကျွန်တော်တို့ မျှော်တွေးထားကာမှ အဲဒါတွေကြောင့် ကျွန်တော်တို့ရဲ့လမ်းကြောင်းတွေကို ဘယ်လိုမျိုးပြောင်းလဲပဲ့ကိုင်မလဲဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။

## မဟာဗျူဟာတစ်ရပ် ချမှတ်ပါ။

ပြဿနာရပ်တွေကို ဖြေရှင်းပြင်ဆင်တဲ့အခါမှာမြန်မြန်ဆန်ဆန်တုံ့ပြန်ဖြေရှင်းတာကမှ သဘာဝကျပါတယ်။ လတ်တလောမှာ အရည်အချင်းတွေ ကွယ်ပျောက်နေတာ၊ ထုတ်ကုန်တန်ဖိုးတွေ ထိုးစိုက်ကျနေတာနဲ့ တီထွင်ဆန်းသစ်မှုတွေ တစ်ခဏအတွင်း မအောင်မမြင်ဖြစ်နေတာမျိုးက မြန်မြန်ဆန်ဆန် ကိုင်တွယ်ဖြေရှင်းပေးဖို့လိုပါလိမ့်မယ်။ ဒါပေမဲ့လည်းပြဿနာတွေဖြေရှင်းတဲ့နေရာမှာ သင့်ရှေ့မှာ လက်ရှိဖြစ်ပျက်နေတာကိုပဲ အမှန်ဆိုပြီးတော့ အမြဲတမ်းအလေးမထားသင့်ပါဘူး၊ နောက်ပြီးတော့ တစ်ဖက်သတ်အမြင်တစ်မျိုးတည်းနဲ့လည်း စိန်ခေါ်မှုတွေကို ရင်မဆိုင်သင့်ပါဘူး။ ဘက်ပေါင်းစုံထောင့်စုံကနေစဉ်းစားရပါလိမ့်မယ်။ တစ်ဖက်ကကြည့်ပြန်တော့လည်း သင့်အနေနဲ့ အိပ်မက်တစ်ခုကိုကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားကြီးမက်လို့မရနိုင်ပါဘူး၊ အဲဒီလိုမက်လို့ရှိရင် လက်ရှိသင်ရောက်နေတဲ့ တကယ့်နေရာအစစ်အမှန်နဲ့ လက်ရှိ ရှိရင်းစွဲ အမှန်တရားတွေကနေ ကွယ်ပျောက်သွားနိုင်လို့ပါ။ အကောင်းဆုံးနည်းလမ်းကတော့ ရှင်းလင်းသေချာတဲ့ မဟာဗျူဟာတစ်ရပ်နဲ့အတူ ရေရှည်မျှော်မှန်းချက်တစ်ခုကို တွဲဖက်လိုက်ဖို့ပါပဲ။ အဲဒီတော့မှပါ ပြဿနာရပ်တွေကို အကောင်းဆုံး၊ အကျွမ်းကျင်ဆုံးနည်းလမ်းနဲ့ ကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။ သင့်အတွက်ကတော့ လက်ရှိရောက်နေတဲ့အခြေအနေတွေပေါ်မှာလည်း ကောင်းကောင်း ကိုင်တွယ် နိုင်ဖို့လိုသလို သင့်အနာဂတ်ကာလမှာ သင်သွားချင်တဲ့နေရာအတွက်လည်း ကြိုတင်မျှော်မှန်းချက်တစ်ခုထားဖို့ လိုပါလိမ့်မယ်။ သင့်ရှေ့မှာ ဖြစ်ပျက်နေတာကိုပဲ အမှန်လို့ သင်မယူဆသင့်ပါဘူး။

## ဆန်းသစ်တီထွင်မှုကို အားပေးပါ။

ဆန်းသစ်တီထွင်မှုကအောင်မြင်မှုအတွက် အရေးပါ,ပါတယ်။တစ်ဆက်တည်းမှာပဲ သင်က ဈေးကွက်ထဲမှာ Trend အပြောင်းအလဲတွေနဲ့ Customer နဲ့ Client တွေရဲ့အကြိုက်တွေနဲ့ လိုအပ်ချက် ပြောင်းလဲမှုတွေကို ကြိုတင်မမှန်းဆနိုင်ဘူးဆိုရင် ဆန်းသစ်တီထွင်ဖို့အတွက် မဖြစ်နိုင်ပါဘူး။ အချက်အလက်တွေအရ ကမ္ဘာပေါ်မှာ တီထွင်ဆန်းသစ်မှုမှာ အောင်မြင်တဲ့ ကုမ္ပဏီတွေရဲ့ ၈၀ ရာခိုင်နှုန်းလောက်က စနစ်တကျ စဉ်းစားတွေးခေါ်တဲ့ ဆန်းသစ်တီထွင်မှုနည်းဗျူဟာ တွေရှိကြပါတယ်။ နောင်လာမယ့် (၅)နှစ်မှာ ဖြစ်ပျက်နိုင်ခြေရှိတာတွေကို ကြိုတင်စောင့်ကြည့် နားစွင့်ထားတာက ဆန်းသစ်တီထွင်မှုနဲ့ အနာဂတ်မှာတိုးတက်နိုင်ဖို့အတွက် အထောက်အကူပြုနိုင်ပါလိမ့်မယ်။



## ယုံကြည်မှုရှိပါ။

ကိုယ်ဖြစ်ချင်တဲ့အရာ၊ ရောက်ချင်တဲ့ ပန်းတိုင်ကိုရောက်နိုင်မယ်လို့ ကိုယ်တိုင်ကမယုံကြည်ဘူးဆိုရင် နေ့နေ့ညည ဆက်တိုက်အလုပ်ဖိလုပ်နေလည်း အောင်မြင်မှာမဟုတ်ပါဘူး။

တစ်ခါတလေကျရင်ကိုယ့်ရည်မှန်းချက်က ကိုယ်နဲ့ဝေးကွာလွန်းနေတယ်လို့ ထင်ရတတ်ပါတယ်။ ဒီလိုမျိုးအတွေးတွေ၊ စိတ်ထဲမှာပဲ ရှိတဲ့အတားအဆီးတွေကို ဖယ်ရှားလိုက်မယ်ဆိုရင်လိုက်ရှာနေတဲ့ပန်းတိုင်ကလက်တစ်ကမ်းမှာပဲရှိတယ်ဆိုတာကို သိလာမှာပါ။

ကိုယ့်ရည်မှန်းချက်ကို ရောက်ရှိနိုင်တယ်လို့အကြွင်းမဲ့ မယုံကြည်သေးသရွေ့တော့ အကြောင်းပြချက်တွေ၊ အာရုံပြန့်လွင့်စရာတွေကအမြဲရှိနေဦးမှာပဲ။ အကြောင်းကကိုယ်အဆင်သင့်မဖြစ်သေးတဲ့အရာတစ်ခုကို ရရှိသွားမှာကိုကြောက်တဲ့စိတ်ကြောင့်ပါပဲ။

အဆိုးတွေ တွေးနေတာနဲ့ ဒွိဟတွေကို ဖယ်လိုက်မယ်ဆိုရင်ကိုယ့်ကိုယ်ကိုယုံကြည်မှု ပိုရှိလာပြီးတော့ အရာရာပြောင်းလဲလာပါလိမ့်မယ်။

■

# ဗုဒ္ဓနေ့၊ ကဆုန်လပြည့်နေ့နဲ့ ညောင်ရေသွန်းပွဲတော်

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်စနေနေ့၊ ခရစ်သက္ကရာဇ် ၂၀၁၆ မေလ ၂၁ ရက်နေ့မှာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ရက်မြတ်ရက်ခါဖြစ်တဲ့ ကဆုန်လပြည့်နေ့(ဝါ)ဗုဒ္ဓနေ့(ဝါ) ညောင်ရေသွန်းပွဲတော်ကျရောက်ပါတယ်။ "ဖွား၊ ပွင့်၊ ဟော၊ စံ၊ ဗျာဒိတ်ခံ ကဆုန်လပြည့်နေ့" ဟုလည်း သိရှိခဲ့ရပါတယ်။

ကဆုန်လဟာအပူဓာတ်လွန်ကဲတဲ့ကာလဖြစ်တာကြောင့် မြစ်၊ချောင်း၊အင်း၊အိုင်များ ခမ်းခြောက်ချိန်ဖြစ်ပါတယ်။ ဒါကြောင့်မိမိတို့အမြတ်တနိုး ကိုးကွယ်ထားကြတဲ့ မဟာဗောဓိညောင်ပင်တွေကို ရေသွန်းလောင်းပူဇော်ကြခြင်းဖြစ်ပါတယ်။

ကဆုန်လရဲ့အဓိပ္ပာယ်မှာ ရေသွန်းသောလ၊ရေလောင်းသောလ၊ရေဖျန်းသောလလို့ခေါ်ဆိုခဲ့ကြပြီးပုဂံခေတ်ကကုဆုန်၊ကူဆန်၊ကဆုန်၊ ခူဆုန်၊ ခုဆန်လို့ ကျောက်စာများမှာ အမျိုးမျိုး အဖုံဖုံခေါ်ခဲ့ကြပါတယ်။ ကုဆုန်မှာ မူရင်းဝေါဟာရဖြစ်ပြီး ကဆုန် စတဲ့ တခြားဝေါဟာရတွေမှာကုဆုန်မှ ကရွေ့လျားပြောင်းလဲလာတာဖြစ်ပါတယ်။ ကုဆုန် နဲ့ ကဆုန်တို့ရှိ ကု၊ကပုဒ်တို့မှာ "ရေ" လို့အဓိပ္ပာယ်ရပါတယ်။ စုန်မှ ဆင်းသက်လာတဲ့ ဆုန်ကတော့ သွန်းခြင်း၊ လောင်းခြင်း၊ ဖျန်းခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်တော်မူရာ မဟာဗောဓိပင်ပွား ဗောဓိပင်များကို ရေသွန်းလောင်းခြင်းလည်းဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တို့အတွက် ကဆုန်လပြည့်နေ့ဟာ အထွဋ်အမြတ်ဖြစ်ရတဲ့အကြောင်းတွေကတော့ -



**၁။ နိယတဗျာဒိတ်ခံယူသော ကဆုန်လပြည့်နေ့**

ဂေါတမဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ဘဝမှာဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ "နောင်သောအခါတွင် ဘုရားစင်စစ် ဧကန်အမှန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ကိုရရှိတော်မူခဲ့တဲ့နေ့ဟာ ကဆုန်လပြည့်နေ့ဖြစ်ပါတယ်။

**၂။ ဖွားမြင်တော်မူသောကဆုန်လပြည့်**

မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်သောကြာနေ့မှာပင် ဘုရားလောင်းကိုဖွားမြင်တော်မူခဲ့ပါတယ်။ ဘုရားလောင်းဖွားမြင်တော်မူ

## Eefaxmref

သည်နဲ့တစ်ပြိုင်နက် ယသော်ဓရာ မင်းသမီး၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ကာဠုဒါယီအမတ်၊ ကဏ္ဍကမြင်း၊ ရွှေအိုးကြီးလေးလုံးနဲ့မဟာဗောဓိပင် စတဲ့ ဖွားဖက်တော်ခုနစ်ဦးတို့လည်း ဖွားမြင်ဖြစ်ပေါ်လာကြပါတယ်။ မဟာဗောဓိပင်ဟာ မဇ္ဈိမဒေသဥရုဝေလတောတွင် ဘုရားရှင်တို့ ပွင့်တော်မူရာဇဟိုအချက်အချာအောင်မြေအရပ်မှာပေါက်လာခြင်းဖြစ်ပါတယ်။

၃။ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့မှာဘုရားလောင်းဟာမဟာဗောဓိပင်ရင်းမှာ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုဘုရားရှင်အဖြစ်ကို ရောက်တော်မူခဲ့ပါတယ်။ ထိုမဟာဗောဓိပင်ဟာ ဖွားဖက်တော်တစ်ဦးအပါအဝင် ဗောဓိဉာဏ်တော် ရရှိရန်အားထုတ်တော်မူရာမှာ အသုံးပြုတော်မူသောအပင်ဖြစ်ပြီးပရိဘောဂစေတီလည်းဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ဟာ ထိုဗောဓိပင်မှ ပင်ပွားများကို မိမိတို့နိုင်ငံမှာ စိုက်ပျိုးကိုးကွယ်လေ့ရှိပါတယ်။

ဘုရားရှင်ဟာ ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်စံဝင်ခဲ့ပါတယ်။

ဘုရားအလောင်းတော်ဗျာဒိတ်တော်ခံယူခြင်း၊ ဖွားမြင်တော်မူခြင်း၊ မဟာဗောဓိပင်ပေါက်တော်မူခြင်း၊ဘုရားဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်ခြင်း စတဲ့အကြောင်းအချက်တွေကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့လို့ သမုတ်ခဲ့ကြပါတယ်။ ■

**LEARN ENGLISH**

## oD

# English grammar practice exercise : Have something done:

**Have+ object+ past participle** ကို ကျွန်တော်တို့က ကိုယ်တိုင်မလုပ်ဘဲ တခြားတစ်ယောက်ကိုလုပ်ခိုင်းခဲ့တဲ့ကိစ္စကိုပြောတဲ့အခါမှာအသုံးပြုပါတယ်။ ဝန်ဆောင်မှုတစ်ခုခုကို ငွေပေးပြီး ဝယ်ယူခဲ့တဲ့အကြောင်းကိုပြောတဲ့အခါမျိုးမှာသုံးကြပါတယ်။

**Exercise**

အောက်မှာဖော်ပြထားတဲ့ စာကြောင်းတွေကိုဖတ်ပြီးတော့ ပထမတစ်ကြောင်းမှာဖော်ပြထားတဲ့အကြောင်းအရာကိုဒုတိယစာကြောင်းမှာ have + object + past participle ကိုသုံးပြီးတော့ဖြေပါ။ ကွင်းထဲမှာအသုံးပြုရမယ့် စကားလုံးတွေကို ဖော်ပြထားပါတယ်။ ပထမစာကြောင်းနဲ့ အဓိပ္ပာယ်တူရမှာဖြစ်ပါတယ်။

***1. I've made an appointment at the hairdresser's for next Monday.***
***I'm_______________________ next Monday. (my hair/cut)***

***2. Builders checked our roof after the storm.***
***We ________________________ after the storm. (our roof/check)***

***3. Some Bricklayers are building a wall for our neighbors.***
***Our neighbors are _______________. (a wall/ build)***

***4. My brother is going to the dentist next week.***
***The dentist is going to pull my brother's tooth out.***
***My brother is ______________________ next week.***
***( his tooth/pull out)***

***5. An electrician installed a burglar alarm for us in October.***
***We________________________ in October. ( an alarm/install)***

***6.The doctors removed David's tonsils when he was eleven.***
***David_____________________ when he was eleven.***

***Answer :***

**1. having my hair cut**
**2. had the builders checked**
**3. having a wall built**
**4. having his tooth pulled out**
**5. had an alarm installed**
**6. had his tonsils removed**

# မြန်မြန်အိပ်ပျော်စေမယ့် ထူးထူးဆန်းဆန်း နည်းလမ်း (၄) ခု



အိပ်စက်ခြင်းက လူတစ်ယောက်အတွက် အရေးပါတယ်ဆိုတာအကုန်လုံးသိကြပါတယ်။ နေ့တော်တော်များများမှာ ကျွန်တော်တို့ဟာ အလုပ်သွားတဲ့အချိန်၊ Gym သွားတဲ့အချိန်၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ တွေ့ဆုံတဲ့အချိန်တွေကြားမှာ လုံးလည်ချာလည်လိုက်နေရပြီးတော့ ဒီလိုလှုပ်ရှားသွားလာမှုအတွက် ခွန်အားပေးတဲ့ အိပ်စက်ခြင်းကိုတော့ မေ့လျော့ထားတတ်ကြပါတယ်။

အိပ်ချိန်မလုံလောက်တဲ့အခါမှာ ဆိုးကျိုးတွေအများကြီးရှိပါတယ်။

Beauty Sleep ဆိုတာ အလကားရှိတာမဟုတ်ပါဘူး။ တစ်နေ့မှာအနည်းဆုံး (၈) နာရီအိပ်စက်ခြင်းက ခန္ဓာကိုယ်ကိုပိုမိုလန်းဆန်းစေပြီး အသားအရေလည်းတောက်ပစေပါတယ်။

တစ်နေ့ကိုအိပ်ချိန် (၆) နာရီမပြည့်ခြင်းက အချိန်မတိုင်မီ စောစီးစွာသေဆုံးနိုင်ခြေကို ၁၂ ရာခိုင်နှုန်းတိုးတက်စေပါတယ်။ မှတ်ဉာဏ်ကောင်းစေပါတယ်။

အိပ်ရေးမဝခြင်းက သင့်ကို အာရုံစူးစိုက်မှုမရစေခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ မှတ်ဉာဏ်မကောင်းခြင်းများကိုဖြစ်စေပါတယ်။ အသစ်တွေ့ရှိကြုံတွေ့ရတဲ့အချက်အလက်အဖြစ်အပျက်တွေကိုဦးနှောက်ကမှတ်သားနိုင်စွမ်းကျဆင်းပြီး အရင်ရှိပြီးသားမှတ်ဉာဏ်တွေလည်း မေ့လျော့သွားစေပါတယ်။

## ကိုယ်ခံစွမ်းအားကောင်းစေခြင်း

အိပ်ချိန် (၆) နာရီမပြည့်တဲ့အရွယ်ရောက်ပြီးသူတွေဟာသာမန်လူတွေထက်အအေးမိနိုင်ချေ (၄) ဆပိုများပါတယ်။ ကောင်းတဲ့အချက်တော့မဟုတ်ပါဘူး။ (၈) နာရီကျော်လောက် အိပ်မယ်ဆိုရင် သွေးတိုး၊ နှလုံးရောဂါ၊ ဆီးချိုနဲ့ အဝလွန်ခြင်းတို့အတွက် ဖြစ်နိုင်ချေနည်းပါးစေနိုင်တယ်လို့ သုတေသနတွေအရ သိရပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် လူဦးရေ သန်းပေါင်း ၅၀ ကနေ ၇၀ လောက်က အိပ်ရေးမဝတာနဲ့ ပတ်သက်တဲ့ပြဿနာတွေကိုခံစားနေရပါတယ်။

အိပ်ချိန်မလုံလောက်လို့ရတဲ့နေရာမှာခဏ မေးတာမျိုး ဒါမှမဟုတ် ညဘက်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အိပ်မပျော်တာမျိုးဖြစ်ရင်မြန်မြန်အိပ်ပျော်စေမယ့် နည်းလမ်းကောင်းတချို့ကို ဖော်ပြပေးမှာဖြစ်ပါတယ်။ ဒီနည်းလမ်းတွေက ထူးထူးဆန်းဆန်းဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ သိပ္ပံနည်းကျကျ ဆန်းစစ်ပြီးမှထုတ်ပြန်ထားတာဆိုတော့ မှန်ကန်ပါတယ်။

## အေးအောင်နေပါ။

သာမန်ထက်ပိုပြီး အေးတဲ့ရေနဲ့ ရေချိုးပါ။



Airconကိုအအေးဆုံးထားပါဒါမှမဟုတ်အဝတ်အစားတချို့ချွတ်အိပ်ပါ။

ဒါမှမဟုတ် ရေနွေးနဲ့ စိမ်ချိုးပါ။ ရေနွေးနဲ့ရေစိမ်ချိုးပြီးသွားရင် ခန္ဓာကိုယ်ရဲ့အပူချိန် (၈) ရာခိုင်နှုန်းကျဆင်းသွားပါတယ်။ ဒီလိုဖြစ်စဉ်ဟာ နှလုံးခုန်နှုန်းကို လျော့ကျစေတာကြောင့် ပိုပြီး အိပ်ချင်စေတယ်လို့ သိရပါတယ်။ လူတစ်ယောက်ကအိပ်နေတဲ့အချိန်မှာနှလုံးခုန်နှုန်း (၈) ရာခိုင်နှုန်းကျဆင်းသွားတာနဲ့ ဆက်စပ်နေပါတယ်။

## ၄ - ၇ - ၈ - လေ့ကျင့်ခန်း

အသက်ရှူခြင်းကို ပုံသေဖြစ်အောင်ထိန်းညှိတာ နှလုံးခုန်နှုန်းကျစေပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးတာကြောင့် အိပ်ပျော်စေပါတယ်။

လုပ်ရမယ့်နည်းလမ်းကတော့

၄ စက္ကန့်ကြာ အသက်ရှူသွင်းပါ။

၇ စက္ကန့်ကြာ အသက်အောင့်ထားပြီး

၈ စက္ကန့်ကြာ ရှူထုတ်ပါ။

တစ်နေ့တာအကြောင်းပြန်စဉ်းစားပါ။

တစ်နေ့လုံးဖြစ်ပျက်ခဲ့သမျှတွေကိုစဉ်းစားရင်းနဲ့ အိပ်မပျော်တာကနေ အာရုံလွှဲပါ။

နိုးနိုးခြင်းဘာစလုပ်ခဲ့သလဲဆိုတာကနေစ စဉ်းစားပြီး တစ်ဆင့်ပြီးတစ်ဆင့်ဆက်တွေးပါ။

## ပင်ပန်းချင်ယောင်ဆောင်ပါ။

ပြုံးလိုက်တဲ့အချိန်မှာလူဦးနှောက်ကပျော်နေတယ်လို့တွေးမိသလို ကိုယ့်ကိုယ်ကိုယ် တစ်နေ့တာလုပ်ငန်းတွေကအရမ်းပင်ပန်းတယ်လို့တွေးတဲ့အခါမှာပိုအိပ်ချင်လာတတ်ပါတယ်။ ■











MADE IN THE UK.
VALUED WORLDWIDE.

# MBA
## Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင်အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်သော UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ်ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည်နံပါတ် (၁၈) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှ တက်ရောက်နေကြပြီး တက်ရောက်နေသူများထဲတွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်း လုပ်သက်အတွေ့အကြုံကောင်းမွန်သော လုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာလိုအပ်ချက်ပြည့်မီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ ပထမ Core Module သုံးခုအောင်မြင်မှသာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats နှင့် MBA (with Specialism) 11800 USD + 5,000,000 Kyats ဖြစ်ပြီး ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University မှ ချီးမြှင့်သောဘွဲ့ကို ရယူနိုင်ပါသည်။ UK, Malaysia နှင့် Dubai တို့ရှိ Heriot-Watt University Campus များတွင် Revision အတန်းများသွားရောက်သင်ယူလိုပါက တစ်ဘာသာလျှင် ပေါင် ၃၀၀ ထပ်မံ ပေးသွင်းပြီးတက်ရောက်နိုင်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက်အဆင်ပြေစေရန် အတန်းချိန်များသည်ရုံးပိတ်ရက်များနှင့်ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။



- သင်တန်းများကို နိုဝင်ဘာ (၂၈) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။
- သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။
  Installment plan လျှောက်ထားရန် နောက်ဆုံးရက်- 15 Oct 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**Apply Now - (09) 450177770**

## ဒေါ်အောင်ဆန်းစုကြည်နဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံစဉ် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံစဉ်မှာ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

ယမန်နေ့က နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်နဲ့ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ အထူးကိုယ်စားလှယ်ဖြစ်သူနိုင်ငံခြားရေးဝန်ကြီးမစ္စတာဒွန်ပရာမွတ်ဝီနိုင်းတို့တွေ့ဆုံဆွေးနွေးပွဲအပြီးသတင်းစာရှင်းလင်းပွဲမှာနှစ်နိုင်ငံအကြားအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

ရင်ဆိုင်နေရတဲ့စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း အတူတကွရင်ဆိုင်သွားမှာဖြစ်ပြီးနှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား အရေးများကိုလည်း ဆွေးနွေးခဲ့ပါတယ်။

**SFJ Team**

## ဂိမ်းကုမ္ပဏီက Angry Birds တွေအကြောင်း ရိုက်ကူးထားတဲ့ ရုပ်ရှင်ကို တင်ဆက်ပြသမည်

နာမည်ကျော် Angry Birds ဂိမ်းကိုတီထွင်ထုတ်လုပ်ခဲ့တဲ့ဖင်လန်နိုင်ငံက ဂိမ်းကုမ္ပဏီ Ravio Entertainment Ltd ဟာယခုအခါမှာ ကျဆင်းနေတဲ့ လုပ်ငန်းပိုင်းကို ပြန်လည်တွန်းတင်နိုင်ဖို့အတွက်ယင်းရဲ့ကျော်ကြားခဲ့တဲ့ Angry Birds ဂိမ်းထဲက ဇာတ်ကြောင်းကို ဟောလိဝုဒ်ရုပ်ရှင်ကားတစ်ကားအနေနဲ့ အသက်သွင်းတင်ဆက်သွားတော့မှာဖြစ်တယ်လို့ သိရပါတယ်။

ကုမ္ပဏီက ငွေကြေးစိုက်ထုတ်ရိုက်ကူးထားတဲ့ "The Angry Birds Movie" 3D ဟောလီးဝုဒ်ရုပ်ရှင်ကားကို ရိုက်ကူးတင်ဆက်ပြီးတော့ ကျဆင်းနေတဲ့ ကုမ္ပဏီရဲ့ပုံရိပ်အခြေအနေကို ပြန်လည် တွန်းအားပေးနိုင်မယ်လို့ ဖင်လန်ကုမ္ပဏီက ယုံကြည်ထားပါတယ်။

၂၀၀၉ ခုနှစ်က စတင်ထုတ်လုပ်ခဲ့တဲ့ မူရင်း Angry Birds ဂိမ်းဟာ ဆိုရင် ထိပ်တန်း မိုဘိုင်းဖုန်းဂိမ်းအက်ပလီကေးရှင်းတစ်ခုအနေနဲ့ ဆက်လက် ရပ်တည်နိုင်နေဆဲဖြစ်ပါတယ်။

**CNA**

## ရန်ကုန် BRT ဘတ်စ်ကားလမ်းကြောင်းအသစ် (၅) ခုကို အခုနှစ်ကုန်မှာ စတင်ပြေးဆွဲဖို့စီစဉ်



ရန်ကုန် BRT ဘတ်စ်ကားလမ်းကြောင်းအသစ် (၅) ခုကိုအခုနှစ်ကုန်ပိုင်းမှာ စတင်ပြေးဆွဲဖို့ စီစဉ်ထားရှိတယ်လို့ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်ထံက သိရပါတယ်။

ရန်ကုန်မြို့ရဲ့လူနေထူထပ်တဲ့မြို့နယ်တွေဖြစ်တဲ့လှိုင်သာယာ၊ရွှေပြည်သာ၊ ဒဂုံတက္ကသိုလ်လမ်းကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဗိုလ်တစ်ထောင်လမ်းကြောင်းတို့ပါဝင်ပြီး ကားအစီးရေကိုလည်း ထပ်မံတိုးချဲ့ဖို့ရှိတယ်လို့သိရပါတယ်။

လက်ရှိမှာ ဘတ်စ်ကားအများပိုင်ကုမ္ပဏီအနေနဲ့ လမ်းကြောင်း (၁) ဖြစ်တဲ့ ထောက်ကြန့် - ပြည်လမ်းခရီးစဉ်နဲ့ လမ်းကြောင်း (၂) ဖြစ်တဲ့ ထောက်ကြန့် - ကမ္ဘာအေးခရီးစဉ်တွေကိုသာ ယာဉ်အစီးရေ ၄၅ စီးနဲ့ ပြေးဆွဲနေတာဖြစ်ပါတယ်။

အခုလကုန်ပိုင်းမှာထပ်မံရောက်ရှိလာမယ့် ဘတ်စ်ကားအသစ်တွေနဲ့ အဆိုပါလမ်းကြောင်း (၁) နဲ့ (၂) မှာ ယာဉ်အရေအတွက်တိုးချဲ့သွားမှာဖြစ်သလို လမ်းကြောင်းအသစ်တွေထပ်ပြီးတိုးချဲ့ချိန်မှာ အဆင်ပြေစေဖို့ ယာဉ်အစီးရေ ၁၀၀ ကျော်အထိထပ်တိုးသွားဖို့ရှိတယ်လို့ သိရပါတယ်။

## Nissan-Mitsubishi ပေါင်းစည်းခြင်းကြောင့် GM နဲ့ Toyota တို့အတွက် ပြိုင်ဘက်သစ်ပေါ်ထွက်ခဲ့ပြီလား

လောင်စာဆီကုန်ကျမှုစစ်ဆေးချက်တွေမှာ မမှန်မကန် လုပ်ထားခဲ့တယ်ဆိုတဲ့ မကောင်းသတင်းတွေကြောင့် ထိခိုက်နေခဲ့တဲ့ ဂျပန်မော်တော်ကားကုမ္ပဏီ Mitsubishi ရဲ့ ရှယ်ယာတချို့ကို Nissan Motor Co ကုမ္ပဏီကဝယ်ယူလိုက်ပြီဖြစ်ပါတယ်။ ယခုဆိုရင်တော့ Nissan ကုမ္ပဏီဟာ ကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ နဲ့ Mitsubishi ရဲ့အစုရှယ်ယာ ၃၄ ရာခိုင်နှုန်းကို ဝယ်ယူထိန်းချုပ်သွားဖို့ မေလ ၁၂ ရက်မှာနှစ်ဖက်ကုမ္ပဏီတွေ အကြားသဘောတူညီမှုရရှိခဲ့ပါတယ်။

ယခုလို မော်တော်ကား ကုမ္ပဏီနှစ်ခုအကြား ပေါင်းစည်းမှုကလည်း ကမ္ဘာ့အကြီးဆုံး မော်တော်ကားလုပ်ငန်းပိုင်းပေါင်းစည်းမှုကြီးတစ်ခုအဖြစ် မှတ်တမ်းဝင်လာခဲ့သလိုယင်းကုမ္ပဏီနှစ်ခုပေါင်းရဲ့ ယမန်နှစ် ၂၀၁၅ က ကားရောင်းချရမှုက စုစုပေါင်းစီးရေ ၉ ဒသမ ၅ သန်းအထိရှိထားခဲ့တာလည်း ဖြစ်ပါတယ်။

ယင်းအတွက်ကြောင့်တစ်နှစ်ကို ကားစီးရေပေါင်း ၁၀ ဒသမ ၂ သန်း ရောင်းချနေရတဲ့ Toyota၊ ကားစီးရေ ၁၀ သန်း အောက် ရောင်းချနေရတဲ့ Volkswagen နဲ့ GM တို့ နဲ့ မကွာတော့တဲ့အခြေအနေကိုရောက်ရှိလာတော့မှာကိုတွေ့မြင်နိုင်ပါတယ်။

**CNN**

## ဖားကန့်၊ လုံးခင်းနယ်မြေများမှာ ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုများကို ကန့်သတ်သွားမယ်

ဖားကန့်၊လုံးခင်းရတနာနယ်မြေများမှာ ကျောက်စိမ်းသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကို ကန့်သတ်သွားမယ်လို့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယမန်နေ့ကကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြောပါတယ်။

ကချင်ပြည်နယ် မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ကျောက်စိမ်းသယံဇာတများ အတိုင်းအဆမဲ့ တူးဖော်မှုမရှိစေရေး၊ မြေစာပုံပြိုကျတဲ့ဖြစ်စဉ်များမရှိစေရေးနဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဝန်ကြီးဌာနအနေနဲ့ မည်သို့ဆောင်ရွက်နေကြောင်းမေးခွန်းမေးမြန်းမှုကို ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့တာဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လုံးခင်း၊ ဖားကန့် နယ်မြေမှာ သတ်မှတ်လုပ်ကွက် (အသစ်) ၊ ဖော်ထုတ်လုပ်ကွက် (အသစ်)၊ အကျိုးတူလုပ်ကွက် (အသစ်) များကို ကျောက်မျက်ကုမ္ပဏီအဟောင်း၊အသစ်များကို ထပ်မံလုပ်ကိုင်ခွင့်ချပေးခြင်းမပြုဘဲ ကျောက်စိမ်းထုတ်လုပ်မှုကိုကန့်သတ်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။

**SFJ Team**

## စီးပွားရေးမတည်ငြိမ်မှုကြောင့် ကမ္ဘာ့ရွှေဝယ်လိုအား မြင့်တက်ဟုဆို



ပြီးခဲ့တဲ့ ကာလတွေအတွင်း နိုင်ငံတကာ စီးပွားရေးတည်ငြိမ်မှုမရှိတာက ကမ္ဘာ့ရွှေဝယ်လိုအားကို မြင့်တက်စေခဲ့တယ်ဆိုပြီး မေလ ၁၂ ရက်က ကမ္ဘာ့ရွှေလုပ်ငန်းကောင်စီ WGC က ထုတ်ပြန်ပြောကြားလိုက်ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးပိုင်းမတည်မငြိမ်ဖြစ်မှုအပေါ် စိုးရိမ်ပူပန်ခဲ့ကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ ရွှေကို လုံခြုံစိတ်အချရဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သတ်မှတ်ပြီး ဝယ်ယူခဲ့ကြတာကြောင့်ယခုလိုဝယ်လိုအားမြင့်တက်မှုဖြစ်ပေါ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

ယခုနှစ် ဇန်နဝါရီလနဲ့ မတ်လအကြား ကြားကာလမှာ စုစုပေါင်းရွှေဝယ်လိုအားဟာ တန်ချိန်ပေါင်း ၁ ဒသမ ၂၉၀ နဲ့ရပ်တည်ခဲ့ပြီးတော့ယခင် ၂၀၁၅ အလားတူ ပထမသုံးလပတ်ကာလကထက် ၂၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။

**ဘန်ကောက်ပို့စ်**

## တရုတ်ကုမ္ပဏီတွေဖြစ်ကြတဲ့ Huawei နဲ့ Xiaomi တို့ ပြည်တွင်းစမတ်ဖုန်းဈေးကွက်မှာ ပြိုင်ဆိုင်မှုပြင်းထန်လာ

တရုတ်နိုင်ငံရဲ့အကြီးဆုံးစမတ်ဖုန်းထုတ်လုပ်သူ ကုမ္ပဏီတွေ ဖြစ်ကြတဲ့ Huawei နဲ့ Xiaomi တို့အကြားက ယှဉ်ပြိုင်မှုတွေက တစ်စတစ်စပိုမိုပြင်းထန်လာနေသလိုကမ္ဘာ့အကြီးဆုံးဖုန်းဈေးကွက်မှာဈေးကွက်ဝေစုကြီးကြီးမားမားရရှိနိုင်ဖို့အတွက် ယင်းတို့ရဲ့ ထုတ်ကုန်သစ်တွေကို တစ်နေ့တည်းမှာပဲ ထုတ်ဖော်ပြသသွားခဲ့တယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

မေလ ၁၀ ရက်က Xiaomi ကုမ္ပဏီဟာယင်းရဲ့၆ဒသမ၄၄လက်မရှိတဲ့ ဖုန်းမော်ဒယ်တစ်မျိုးကို ထုတ်ဖော်ပြသသွားခဲ့သလိုယင်းရဲ့Mi စီးရီးဖုန်းနဲ့ ဈေးနှုန်းသက်သာတဲ့ RedMi ဖုန်းအမျိုးအစားတို့ကို ပြသသွားခဲ့ပါတယ်။

ယခုဆိုရင်တော့ အဆိုပါ Xiaomi ကုမ္ပဏီအနေနဲ့ တရုတ်ဈေးကွက်မှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့အတွက် ယမန်နှစ်ကစတင်ခဲ့တဲ့ RedMi စီးရီးအောက်မှာ အဖိုးနှုန်းသက်သာတဲ့ပစ္စည်းတွေကိုထုတ်လုပ်နေပြီဖြစ်ပါတယ်။

**Xinhua**

oD

# Embrace the Near Win

STRATEGY FIRST Times ရဲ့Ted Talkကဏ္ဍ Ted.comကကမ္ဘာကျော်တွေ နဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာကVideoဖြစ်ပြီးတော့ Videoဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Codeကို Camera ကနေ Scanလုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Sarah Lewisရဲ့Embrace the Near Win ဆိုတဲ့ Videoလေးကိုဖော်ပြမှာဖြစ်ပါတယ်။



အနုပညာသမိုင်းကြောင်းပညာရှင် Sarah Lewis က ဆန်းသစ်တီထွင်မှု အကြောင်းသင်ကြားပြီးတော့ဒီဆန်းသစ်တီထွင်မှုကကြောက်စိတ်နဲ့ဆုံးရှုံးမှုကိုကျော်လွှန်ပြီးအောင်မြင်မှုရရှိနိုင်တဲ့အကြောင်း ပြောလေ့ရှိတဲ့လူတစ်ယောက်ဖြစ်ပါတယ်။သူ့ရဲ့ The Riseဆိုတဲ့စာအုပ်က ဆုံးရှုံးခြင်းအကြောင်းကို လေ့လာပြီးတော့ ဒီလိုခဏတာမအောင်မြင်မှုတွေကအောင်မြင်မှုရရှိနိုင်အောင် အကျိုးပြုတဲ့အကြောင်း ရေးသားခဲ့ပါတယ်။

Sarah Lewisဟာ သူစစခြင်းပြတိုက်တစ်ခုမှာ အလုပ်လုပ်ခဲ့တဲ့အချိန်တုန်းက ပန်းချီဆရာတွေအကြောင်းနားလည်ခဲ့ပါတယ်။သူတို့ဆွဲတဲ့ပန်းချီကားတိုင်းက Masterpieceမဟုတ်ပါဘူး။သူကကျွန်တော်တို့ကို လုပ်နိုင်ရုံလေးပဲ လုပ်နိုင်ခဲ့တဲ့အရာတွေက အရေးပါကြောင်းကို ပြောပြပါတယ်။ ကြိုးစားပြီးတော့ ဖြစ်နိုင်ရုံလေးပဲလုပ်နိုင်လိုက်တဲ့အရာတွေကို သူက Near-win လို့ခေါ်ထားပြီးတော့ ဒီ Near-win ကပဲ ကျွန်တော်တို့အတွက် Masterpiece နဲ့ အောင်မြင်ခြင်းတို့အတွက် အကောင်းဆုံးဖြစ်နိုင်အောင်ပြင်ဆင်ပေးသွားတာဖြစ်တယ်လို့ ပြောပါတယ်။

ခင်ဗျားလုပ်သမျှအရာတွေအကုန်လုံးက Masterpiece ဖြစ်မှာမဟုတ်ပါဘူး၊ စစခြင်း လုပ်ကိုင်ကာစဆိုရင်ပိုဆိုးပါတယ်လို့ Sarahကပြောပါတယ်။ရည်မှန်းချက်တွေကိုရောက်ဖို့အတွက် ကြိုးစားတဲ့အခါမှာ မှားယွင်းမှုတွေနဲ့ ကျရှုံးမှုတွေက ကြိုးစားဖို့နဲ့ တီထွင်နိုင်စွမ်းအတွက် တွန်းအားဖြစ်စေပါတယ်။ ဘယ်တော့မှအရှုံးမပေးပါနဲ့လို့ သူကပြောပါတယ်။

## Strategy First Times Crosswords



**Clues - On Hint-Chores**

**Across**

2. Our dog has been inside all day. It's time to ________ her.
4. To put all necessary utensils, plates, cups, etc. on the table. = To _______ the table.
7. Arranging the pillows and sheets of a bed. = ______________ a bed.
9. I spilled macaroni on the floor, so now I should __________ it up.
10. These tiles are dirty. Get a brush and _________ them.
11. After lunch, you should __________ the dishes.

**Down**

1. I don't want to __________ dinner tonight. Let's go to a restaurant.
3. John doesn't have any clean clothes. He needs to do his ___________.
5. Put the __________ on the curb. They'll collect it in the morning.
6. The cat is hungry. It's time to __________ him.
7. I spilled milk on the floor, so now I should ____________ it up.
8. I should __________ the lawn. The grass is getting too tall.

## t&iftywf Crosswords tajzrsm;

**Clues - On clothing**

**Across**

2. Uniform
5. Jeans
6. Shoe
7. Coat
8. Sock
9. Belt
10. hat
11. Pants

**Down**

1. dress
3. blouse
4. sweater
5. jacket
9. boots






# Basic Excel Tutorial 1.6

**Zifmv if(Global Link Technology)**




ဒီတစ်ပတ်မှာတော့ Workbook တစ်ခုတွင် Contents များကို Heading အဖြစ်ရေးလိုရင် Column တစ်ခုတည်းတွင် ဆန့်အောင်ရေးဖို့မှာ အဆင်ပြေမှာမဟုတ်ပါ။ ဒါ့ကြောင့် ဘေးကပ်လျက်ရှိ Column မှ Cells များကိုပါပေါင်းပြီး Cell တစ်ကွက်တည်းဖြစ်အောင်ပေါင်းရေးမှသာအဆင်ပြေပါမယ်။ ထိုသို့ Cells များကို တစ်ကွက်တည်းဖြစ်အောင် ပေါင်းပေးဖို့ Merge & Center နဲ့ ပြုလုပ်နိုင်တယ်။

၁။ မိမိပေါင်းလိုသော Cell နှစ်ကွက်(သို့) နှစ်ကွက်ထက်ပို၍ Select မှတ်ပါ။

၂။ Home tab ရဲ့ Alignment Group မှ Merge & Center ကိုနှိပ်ပါ။ ထိုအခါ မိမိ Select မှတ်ထားတဲ့ Cells တွေကို တစ်ကွက်တည်းဖြစ်အောင် ပေါင်းပေးပါလိမ့်မယ်။

Merge & Center ဘေးရှိ Drop Down list မှ အခြား Options များကိုလည်း ရွေးချယ်နိုင်ပါတယ်။

Merge & Center – က Select မှတ်ထားတဲ့ Cells တွေကို တစ်ကွက်တည်း ဖြစ်အောင်ပေါင်းပေးပြီး Content ကို Center မှာထားပေးပါတယ်။

Merge Across – က မိမိ Select မှတ်ထားတဲ့ Rows တွေမှ Row တစ်ခုချင်းစီရဲ့ Cells တွေကိုတစ်ကွက်တည်းဖြစ်အောင်ပေါင်းပေးပါတယ်။

Merge Cells – က Select မှတ်ထားတဲ့ Cells တွေကိုတစ်ကွက်တည်းဖြစ်အောင်ပေါင်းပေးပါတယ်။ သို့ပေမဲ့ Content ကို မူလ Alignment အတိုင်းသာ ထားပေးပါတယ်။

Unmerge Cells – က ပေါင်းထားတဲ့ Cells ကွက်ကို မူလအနေအထား ပြန်ထားလိုတဲ့အခါသုံးပါတယ်။ (သို့မဟုတ်) Merge & Center ကို ပြန်နှိပ်ပြီးလည်း မူလအနေအထားကိုပြန်ထားနိုင်ပါတယ်။ ■

## cuf,jywf,f

ဒီတစ်ပတ်မှာတော့ သရက်သီးတွေလည်းပေါနေပြီဖြစ်တဲ့အတွက် အားလပ်ရက်လေးမှာ လွယ်ကူပြီး Oven မလိုတဲ့ သရက်သီးချိစ်ကိတ်လေးလုပ်စားကြရအောင်။ သရက်သီးချိစ်ကိတ်ပြုလုပ်ဖို့အတွက်လိုအပ်တဲ့ပစ္စည်းတွေကတော့

သရက်သီးမှည့် (အချို) - (၂) လုံး
Cream Cheese - ၂၀၀ ဂရမ်
(ဘူးသေးတစ်ဘူး)
Whipped Cream - ၂၅၀ မီလီလီတာ
(ဘူးသေးတစ်ဘူး)
သကြား - ထမင်းစားဇွန်း (၄) ဇွန်း
ဆား - အနည်းငယ်
ဘီစကွစ်အလွတ် - ၁၀ ချပ်
ထောပတ် - ထမင်းစားဇွန်း (၃) ဇွန်း
ဂျယ်လီတင်အမှုန့် - ထမင်းစားဇွန်း(၁) ဇွန်း





ပထမဦးစွာ ဘီစကစ် (၁၀) ချပ်ကို အိတ်သန့်သန့်ထဲထည့်ကာ အမှုန့်များဖြစ်သည်အထိ ထုချေပေးပါ။ ဘီစကစ်မှုန့်များကို အရည်ပျော်ထားတဲ့ထောပတ်အနည်းငယ်ဖြင့် ရောနယ်ပြီး စီးကပ်သွားအောင်ပြုလုပ်ပေးပါ။ ကိတ်မုန့်ဖုတ်မယ့် မိုလ်ထဲကို ထောပတ်အနည်းငယ်သုတ်ပါ။ ပြီးနောက် ထိုဘီစကစ်များကို ထုထုလေးနှင့် ညီညီလေးဖြစ်အောင်ဖိသိပ်ပေးပါ။ ဒီအပိုင်းကအရေးကြီးပါတယ်။ သေသေချာချာလေး ဖိထည့်ပေးပါ။ ကိတ်မုန့်ရဲ့ အောက်ခံမုန့်သားဖြစ်ပါတယ်။ ပြီးရင်တော့ ရေခဲသေတ္တာထဲ မိနစ် (၂၀) လောက်ထည့်ထားပါ။

သရက်သီးတစ်လုံးနဲ့ တစ်ဝက်ကို အတုံးလေးတွေတုံးပြီး ကြိတ်စက်ထဲထည့်ပြီး ကြိတ်ပေးပါ။ တစ်ဝက်ကို အလှဆင်ဖို့အတွက် ချန်ထားတာဖြစ်ပါတယ်။ ဂျယ်လီတင်အမှုန့်တွေကို ရေနွေးအနည်းငယ်ဖြင့် ဖျော်ထားပေးပါ။ ရလာတဲ့ သရက်သီးအနှစ်ထဲသို့ ဂျယ်လီတင်အမှုန့်ဖျော်ထားတာကို ရောပြီးမွှေပေးပါ။

ဇလုံတစ်ခုထဲသို့ ကရင်မ်ချိစ်ကို ထည့်ပါ။

## arouf

ကိတ်လုပ်တဲ့သကြား (Confessional Sugar) (၂) ဇွန်းထည့်ရပါမယ်။ ကရင်မ်ချိစ်နဲ့သကြားကို Supermarket တွေမှာ ရရှိနိုင်ပါတယ်။ (၂၀၀ ဂရမ်ဆိုတာ ဘူးသေးတစ်ဘူးဆိုရပါတယ်)။ ကရင်မ်ချိစ်နဲ့ သကြားတွေကို မွှေစက်ဖြင့် မွှေပေးပါ။

အအေးခံထားတဲ့ Whipping Cream အရည်ကို မွှေစက်ဖြင့်မွှေပေးပါ။ Cream ပုံစံရလာတဲ့အထိမွှေပေးပါ။ ပြီးရင် Cream Cheese အရောကို Whipping Cream နဲ့ရောပေးပါ။ ပြီးရင် သမအောင်သေချာမွှေပေးပါ။

ခုနကပြုလုပ်ထားတဲ့ ဘီစကစ်အောက်ခံထည့်ထားတဲ့အိုးထဲသို့ ချိစ်အရောအနှောကို ထည့်ပါ။ မျက်နှာပြင်ညီပေးပါ။ ပြီးရင် အပေါ်က သရက်သီးအနှစ်လေးကို မျက်နှာပြင်ညီညာအောင်ထည့်ပေးပါ။ ခုနကချန်ထားတဲ့ သရက်သီးတစ်ဝက်ကို အတုံးလှလှ ညီညီလေးတွေလှီးပြီး အပေါ်ကနေ အလှဆင်ပေးပါ။

ပြီးရင်တော့ ရေခဲသေတ္တာထဲမှာ (၆) နာရီလောက်ကြာအောင်ထားပေးပါ။ များသောအားဖြင့်တော့ ညဘက်လုပ်ပြီး ရေခဲသေတ္တာထဲထည့်ထားရင် မနက်ဆို အဆင်သင့်ဖြစ်နေပါပြီ။ အားလုံးပဲချိုချိုအီအီအရသာရှိတဲ့သရက်သီးချိစ်ကိတ်လေးကိုနှစ်သက်မယ်လို့ထင်ပါတယ်။

**Ref: cooknshare.com**

# စံ – ဇာဏီဘို ဟောစာတမ်း

၂၀၁၆ မေ (၂၃) ရက်နေ့မှ ၂၀၁၆ ဇွန် (၅) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

တိုးတက်အောင်မြင်ခြင်းနှင့်အလိုဆန္ဒပြည့်မြောက်ခြင်းများအခိုင်အမာဖြစ်ပေါ်မည်။လုပ်ငန်းဝင်ငွေတိုးတက်မည်။မိတ်ကောင်းဆွေကောင်းအထောက်အကူရမည်။ မေတ္တာရေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ဦးတည်ချက်သစ်နှင့်ဆောင်ရွက်သောကိစ္စမှ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ဆုံးဖြတ်ချက်အသစ်နှင့် ဦးတည်လိုက်သောကိစ္စမှ ကောင်းသောအကျိုးခံစားခွင့်ရမည်။ မရည်ရွယ်ဘဲ အလှူအတန်းကိစ္စ စနစ်တကျ ဆောင်ရွက်ရမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အပြာရောင်၊ပန်းရောင်၊အနီရောင်။အကျိုးပေးဂဏန်း – ၈၊၁၊၉၊၂။ယတြာ – နေအိမ်ရှိသော့ချိတ်ဟောင်းများရှာဖွေစွန့်ပစ်ပါ။

## တနင်္လာနေ့မွေးသူများ



ထိတွေ့နေသောဝန်းကျင်တွင်ကောင်းသောကျော်ကြားမှုနှင့် အောင်မြင်မှုများကြုံမည်။ စုဆောင်းထားသောငွေများ ပြိုက်ခနဲ ကုန်တတ်သည်။ နေ့စဉ်နှင့်အမျှ ကိုယ့်ကိစ္စဘေးဖယ်ထား၍ အခြားသူများ၏ ရေးရာအဖြာဖြာအပေါ် အချိန်ကုန်ငွေကုန် လူပန်းခံပြီး အကျိုးဆောင်ပေးနေရမည်။ အကောင်းမြင်ခံရမည်မဟုတ်။ ပညာအတတ်တစ်စုံတစ်ရာကို ထူးခြားစွာရနိုင်သောကာလဖြစ်သည်။ အတွေ့အကြုံသစ်၊ အတွေးအမြင်သစ်များကိုလည်း ကြုံတွေ့ရမည်။ ကာလအတန်ကြာ ဆိုင်းငံ့ရပ်ဆိုင်းထားသော လုပ်ငန်းများ ပြန်လည်ဆောင်ရွက်အောင်မြင်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – ကြက်သွေးရောင်၊ အစိမ်းရောင်၊ မီးခိုးရောင် ။ အကျိုးပေးဂဏန်း – ၆၊ ၂၊ ၄၊ ၅ ။ ယတြာ – သဲကြိုးနီနှင့် ဖိနပ်တစ်ရံဝယ်ယူ၍ သံဃာတော်တို့အားလှူဒါန်းပါ။



## အင်္ဂါနေ့မွေးသူများ

စေတနာအပေါ်နားလည်မှုမရှိသည့်အပြင် ဝေဖန်စော်ကားခြင်းပြုသူများနှင့် တွေ့တတ်သည်။ ကိုယ့်အပေါ်ဒုက္ခပေးမည့်သူများအပေါ် စေတနာထားမိ၍ စိတ်သောကရောက်တတ်သည်။ တစ်ပါးသူအပေါ် ထိခိုက်မည်စိုး၍ ဖုံးဖိကွယ်ဝှက်ထားသောအကြောင်းအရာတစ်ခုမှ ကိုယ့်အပေါ်အထင်လွဲစရာအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်တတ်သည်။သူတစ်ပါးအမှုအခင်းများကြားလိုက်လံဖြေရှင်းပေးရမည်။ရှေ့တစ်မျိုး၊တော်ကြာတစ်မျိုးပြောသောသူများနှင့်ကြုံမည်။အပေါင်းအသင်းမိတ်ဆွေကိုအကြောင်းပြု၍မိသားစုနှင့်စကားများရခြင်းပဋိပက္ခဖြစ်ခြင်းကြုံမည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – ၈၊၃၊၆၊၀။ယတြာ – အင်္ဂါနေ့ညနေအချိန်တွင် သူတစ်ပါးအား အုန်းနို့ခေါက်ဆွဲကျွေးမွေးပါ။

## ဗုဒ္ဓဟူးနေ့မွေးသူများ



စိတ်အေးချမ်းစရာများနှင့် ပျော်ရွှင်ချမ်းမြေ့စရာများလွှမ်းမိုးနေသည်။ နားလည်မှုအပြည့်နှင့် ကူညီသူများရှိမည်။ စုပေါင်းတွဲဖက်လုပ်ကိုင်သော လုပ်ငန်းများမှ ကောင်းသောအကျိုးဆက်များရရှိမည်။ မိသားစုနှင့်ပတ်သက်သော အလုပ်စီးပွားရေးရာကိစ္စများ ရှေ့တိုးဆောင်ရွက်အောင်မြင်မည်။ ချစ်သူဟောင်းနှင့်လမ်းခွဲ၍ အထီးကျန်နေသူများ အချစ်သစ်ရရှိမည်။ အလုပ်သစ်၊ စီးပွားအကြံအစည်သစ်များကို ရှေ့တိုးဆောင်ရွက်၍ ထူးခြားသောအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်မည်။ စေတနာသန့်သန့်နှင့်ကူညီအကြံပေးသူများကြောင့်ရပ်တန့်ဆိုင်းငံ့ထားသောလုပ်ငန်းများပြန်အဆင်ပြေမည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – အညို ရောင်၊ နက်ပြာရောင်၊ အဝါရောင် ။ အကျိုးပေးဂဏန်း – ၃၊ ၅၊ ၉၊ ၄၊ ၀ ။ ယတြာ – မြောက်အရပ်ကိုမျက်နှာမူ၍ လိမ္မော်သီး မကြာခဏစားသုံးပါ။



## ကြာသပတေးနေ့မွေးသူများ

အကြံအစည်အောင်မည်။ ငွေကြေးကံကောင်းမည်။ အပြိုင်အဆိုင်ကြားမှတိုးတက်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့်အလိုဆန္ဒမှန်သမျှအပြည့်အဝအောင်မြင်အောင် ဆောင်ရွက်နိုင်မည်။သူတစ်ပါးကြောင့်ဖြစ်ပေါ်နေသောနှောင့်နှေးကြန့်ကြာနေသောအခက်အခဲများကိုဖယ်ရှားကျော်လွှားအောင်မြင်မည်။မြှုပ်နှံထားသောငွေကြေးများ ပြန်ဖော်ရန်အခါကောင်းကျရောက်သည်။လုပ်အားကြောင့်သာမက ကံကြောင့်ပါစီးပွားတိုးတက်မှုများရရှိမည်။ အလုပ်ရှာ၊အလုပ်လျှောက်ကိစ္စများဆောင်ရွက်နိုင်မည်။ တစ်ပြိုင်နက်တည်းအလုပ်(၂)မျိုးဆောင်ရွက်အောင်မြင်မည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – အပြာရောင်၊ပန်းရောင်၊အနီရောင်။အကျိုးပေးဂဏန်း – ၇၊ ၁၊ ၈၊ ၄ ။ ယတြာ – ကြာဇံကြော်လှူဒါန်းခြင်း၊ ကိုယ်တိုင်လည်းစားသုံးခြင်းပြုပါ။

## သောကြာနေ့မွေးသူများ



စိတ်အနှောင့်အယှက်ဖြစ်စရာများကြုံမည်။ ကတိပျက်သောသူများ၊ စကားမတည်သောသူများကြောင့် လုပ်ရေးကိုင်ရေးခက်ခဲမည်။ ကြိုတင်စီစဉ်ထားသော ကိစ္စများကိုလည်း ရှေ့တိုးဆောင်ရွက်ရန်ခက်ခဲမည်။ အပျက်အစီး၊အလေအလွင့်၊အပျောက်အရှများမည်။ ရှေ့တိုးဆောင်ရွက်ရမည့်ကိစ္စအလုံးစုံအပေါ် လိုက်လံပိတ်ဆို့ နှောင့်ယှက်သူများနှင့်ကြုံတွေ့ရမည်။ ကျန်းမာရေးအညံ့ရှိမည်။ ယာဉ်ကားမောင်းနှင်ခြင်းတွင်သတိရှိရမည်။ သူတစ်ပါးကလာရောက်တိုက်တတ်သည်။ လမ်းလျှောက်ရင်းပင်တစ်ပါးသူမှဝင်ရောက်တိုက်မိ၍ လဲကျကာဒဏ်ရာရတတ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – ကြက်သွေးရောင်၊ အစိမ်းရောင်၊ နက်ပြာရောင် ။ အကျိုးပေးဂဏန်း – ၂၊ ၈၊ ၅၊ ၉ ။ ယတြာ – စာသင်သားသံဃာတော်နှင့် သီလရှင်တို့ကို စာအုပ်၊ စာရေးကိရိယာဒါနပြုပါ။



## စနေနေ့မွေးသူများ

ရည်မှန်းချက်သစ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ အနီးကပ်လူယုံဒုက္ခပေးတတ်သည်။ စိတ်ကူးနှင့်ဆောင်ရွက်သောကိစ္စမှ ထင်ရှားသော အောင်မြင်မှုများဖြစ်ပေါ်မည်။ ကိုယ်ပိုင်အစွမ်းအစနှင့်အရည်အသွေးများကို သူတစ်ပါးက တအံ့တသြ အသိအမှတ်ပြုလောက်အောင် စွမ်းဆောင်နိုင်မည်။ စာရွက်စာတမ်းကိစ္စ၊ငွေကြေးကိစ္စများတွင် စိတ်အနှောင့်အယှက်များဖြစ်ပေါ်တတ်သည်။ မစီစဉ်ဘဲအိမ်ပြင်ခြင်းများ ဆောင်ရွက်ရမည်။ ထိုသို့ပြင်ဆင်ပြီးနောက်ပိုင်း စီးပွားလာဘ်လာဘပိုတိုးတက်မည်။ အဆက်အသွယ်သစ်များတိုးပွားမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အဝါရင့်ရောင်၊မီးခိုးရောင်၊အညိုရောင်။ အကျိုးပေးဂဏန်း – ၃၊ ၆၊ ၈၊ ၁ ။ ယတြာ – ပိုက်ဆံအိတ်အသစ် တစ်ခုဝယ်ယူသုံးစွဲပါ။

ချမ်းမြေ့မေတ္တာ တို့ပြန်ပါသည်။
စံ – ဇာဏီဘို




## THINKER'S PROFILE

# Clayton M. Christensen

ယခုတစ်ပတ် Thinker's profile မှာ မိတ်ဆက်ပေးမယ့် စီမံခန့်ခွဲမှုဆိုင်ရာ ဂုရုကြီးကတော့ Clayton Christensen ပဲဖြစ်ပါတယ်။

Clayton M. Christensen ဟာ အမေရိကန်နိုင်ငံသား ကျောင်းဆရာ၊ စာရေးဆရာ၊ စီးပွားရေးအတိုင်ပင်ခံဖြစ်သလို လက်ရှိအချိန်မှာ အမေရိကန်နိုင်ငံ Harvard တက္ကသိုလ်ရဲ့ Harvard Business School HBS က စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ပါမောက္ခတာဝန်ကို ထမ်းဆောင်နေသူဖြစ်ပါတယ်။

Clayton M. Christensen ကို ၁၉၅၂ ခုနှစ် ဧပြီ (၆) ရက်မှာ အမေရိကန်နိုင်ငံ Utah ပြည်နယ် Salt Lake City မှာမွေးဖွားခဲ့ပါတယ်။

၁၉၇၉ ခုနှစ်မှာ Harvard တက္ကသိုလ်ကနေ MBA ဘွဲ့ရရှိခဲ့တဲ့ Christensen ဟာ Boston Consulting Group BCG မှာ အတိုင်ပင်ခံနဲ့ စီမံကိန်းမန်နေဂျာအဖြစ် စတင်လုပ်ကိုင်ခဲ့ပါတယ်။

၁၉၈၀ပြည့်နှစ်နောင်းပိုင်းမှာ သူဟာ BCG ကုမ္ပဏီကနေ ထွက်ပြီးတော့ တက္ကသိုလ်ပါမောက္ခတစ်ဦးဖြစ်လာခဲ့ပါတယ်။နောက်ပိုင်းမှာ Christensen ဟာ Harvard တက္ကသိုလ်မှာ စီးပွားရေးဆိုင်ရာ ပါရဂူဘွဲ့ကို လေ့လာသင်ယူခဲ့ပြီးတော့ ၁၉၉၂ ခုနှစ်မှာစီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ ဒေါက်တာဘွဲ့ကို ရရှိခဲ့ပါတယ်။ ယင်းနောက်မှာတော့ Harvard Business School ကိုရောက်လာခဲ့တာဖြစ်ပါတယ်။ HBS မှာဆိုရင် Christensen ဟာ "အောင်မြင်သောလုပ်ငန်းတစ်ခုကို တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း" လို့ ဆိုတဲ့ သင်တန်းတစ်ခုကို ပို့ချပေးနေပါတယ်။ အဲဒီသင်တန်းမှာတော့ ကုမ္ပဏီလုပ်ငန်းတစ်ခုကို ရေရှည်ခံနိုင်မယ့်၊အောင်မြင်ထွန်းပေါက်လာမယ့် ကုမ္ပဏီတစ်ခုကို ဘယ်လိုမျိုး တည်ဆောက်ထိန်းသိမ်းနိုင်မလဲဆိုတာနဲ့ ရှိရင်းစွဲ လက်ရှိအဖွဲ့အစည်းတစ်ခုကို ဘယ်လိုမျိုး ရေရှည်အောင်မြင်အောင်လုပ်မလဲဆိုတာနဲ့ ပတ်သက်လို့ Christensen က သင်ကြားပေးပါတယ်။ တစ်ချိန်တည်းမှာပဲ ကျောင်းမှာရှိတဲ့အခြားပညာရေးပရိုဂရမ်အစီအစဉ်တွေများစွာမှာလည်း ပါဝင်သင်ကြားပေးနေပါတယ်။



တီထွင်ဆန်းသစ်မှုဆိုင်ရာကမ္ဘာ့ကျွမ်းကျင်ပညာရှင်တွေထဲမှာတစ်ဦးဖြစ်တဲ့ Christensen ဟာ ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တွေမှာ ထိပ်တန်းအတွေးအခေါ်ပညာရှင် အယောက် ၅၀ ထဲမှာ ထိပ်ဆုံးမှာ ရှိခဲ့သူဖြစ်ပါတယ်။ သူဟာ HBS ကျောင်းမှာပါမောက္ခဖြစ်သလိုတီထွင်ဆန်းသစ်မှုပိုင်းနဲ့ ဖွံ့ဖြိုးရေးမှာ ကမ္ဘာပေါ်မှာ ရှေ့ဆုံးကနေရှိနေတဲ့ ကျွမ်းကျင်ပညာရှင်တွေထဲက တစ်ဦး

## ဝ[illegible]

ဖြစ်ပါတယ်။ အလားတူ သူ့ရဲ့သီအိုရီတွေနဲ့ ကုမ္ပဏီတွေကို လုပ်ငန်းသစ်တွေ တိုးတက်လုပ်ကိုင်နိုင်ဖို့ အကျိုးဆောင်ပေးနေတဲ့ အတိုင်ပင်ခံကုမ္ပဏီ Innosight ကိုလည်းတည်ထောင်ထားပါတယ်။

Christensen ရေးသားတဲ့ စာအုပ်တစ်အုပ်ဖြစ်တဲ့ Innovator's Dilemma နဲ့ ၁၉၉၇ ခုနှစ်မှာ အကောင်းဆုံး စီးပွားရေးစာအုပ်ဆုကို ရရှိထားနိုင်ခဲ့ပါတယ်။ အလားတူ ၎င်းရဲ့မကြာသေးတဲ့ ၂၀၁၂ ခုနှစ်က ရေးသားထားတဲ့ How Will You Measure Your Life: Finding Fulfillment Using Lessons From Some Of The World's Greatest Businesses ဟာလည်း ၂၀၁၃ ခုနှစ် အတွေးအခေါ်ပညာရှင်အယောက် ၅၀ အကောင်းဆုံးစာအုပ်အဖြစ် အမည်တင်သွင်းခြင်းခံခဲ့ရပါတယ်။ ယင်းစာအုပ်ကိုတော့ အတူတကွ ရေးသားသူ စာရေးဆရာတွေအဖြစ် James Allworth နဲ့ Karen Dillon တို့က ပါဝင်ရေးသားခဲ့ကြပါတယ်။ သူရေးသားခဲ့တဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်တွေက လုပ်ငန်းရှင်တွေအတွက်အကျိုးရှိနိုင်တဲ့အတွက်ကြောင့် ဖတ်သင့်တဲ့စာအုပ်တွေထဲမှာပါ့ပါတယ်။ သူပြောခဲ့တဲ့စကားတွေထဲက အထင်ကရမှတ်သားစရာဖြစ်စေခဲ့တဲ့ စကားကတော့ –

"ခင်ဗျား ဘာအတွက် ရပ်တည်မှာလဲ စဉ်းစားဆုံးဖြတ်ပါ၊ ပြီးရင်တော့ အဲဒီရပ်တည်ချက်အတိုင်း ဆက်သွားပါ" ဆိုတာပဲဖြစ်ပါတယ်။

## သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

# STRATEGY FIRST JOURNAL

**YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE**



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

**SFJ** ဂျာနယ်ကို **STRATEGY FIRST INSTITUTE** မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

# *The* STRATEGY FIRST *Times*



လစဉ်ထုတ် **STRATEGY FIRST JOURNAL** နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော *The* **STRATEGY FIRST** *Times* တို့မှာ

## ကြော်ငြာများ လက်ခံနေပါပြီ။